# ပင်တာကျူ

သင်ခန်းစာ တစ်

ပညတ္တိကျမ်းငါးကျမ်းမိတ်ဆက်

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာမှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဗစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်းအားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥသုံ ခေတ်မှီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


နိဒါန်း ........ 1

ခေတ်သစ်ဝေဖန်ပိုင်းခြားချဉ်းကပ်မှုများ ........ 2

ကြိုတင်ယူဆချက်များ ........ 3

သဘာဝတရားအခြေပြုဝါဒ ........ 3

သမိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု ........ 3

ကျမ်းရေးသူ ........ 6

ဘုရားသခင်အမည်များ ........ 7

ကူးယူထားသောမှတ်တမ်းများ ........ 8

ရှေ့နောက်မညီညွတ်မှုများ ........ 9

အဓိပ္ပာယ်ဖွင့်ဆိုခြင်းနည်းဗျူဟာများ ........ 10

အရင်းအမြစ်ဆိုင်ရာဝေဖန်မှု ........ 11

ပုံစံဆိုင်ရာဝေဖန်မှု ........ 12

အစဉ်အလာဆိုင်ရာဝေဖန်မှု ........ 13

တည်းဖြတ်ခြင်းဆိုင်ရာဝေဖန်မှု ........ 14

မျက်မှောက်ခေတ်ဝေဖန်မှု ........ 14

ခေတ်သစ်ယုံကြည်သူများ၏ချဉ်းကပ်မှုများ ........ 15

ကြိုတင်ယူဆချက်များ ........ 16

သဘာဝလွန်ဝါဒ ........ 16

သမိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု ........ 17

ကျမ်းရေးသူ ........ 18

ကျမ်းစာအထောက်အထား ........ 18

မောရှေ၏ကျမ်းရေးသူဖြစ်ခြင်းဆိုင်ရာအခြေခံလိုအပ်ချက် ........ 21

အဓိပ္ပာယ်ဖွင့်ဆိုခြင်းနည်းဗျူဟာများ ........ 29

အကြောင်းအရာအလိုက် ........ 29

သမိုင်းနှင့်ဆိုင်သော ........ 30

စာပေဆိုင်ရာ ........ 31

နိဂုံး ........ 33





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သွားရောက်ကြည့်ရှုနိုင်ပါသည်။

# နိဒါန်း

ကျွန်ုပ်တို့တွင် သမ္မာကျမ်းစာမရှိလျှင် ခရစ်ယာန်ယုံကြည်ခြင်းသည် မည်မျှကွာခြားမည်ကို သင်တွေးဖူးပါသလား။ ခေါင်းဆောင်များသည် မျိုးဆက်တစ်ခုမှတစ်ခုသို့ လမ်းညွှန်ချက်များ ပေးကြသော်လည်း၊ သူတို့၏အယူအဆများကိုအကဲဖြတ်ရန်နည်းလမ်းမရှိ၊ မတူကွဲပြားသောအမြင်များကိုဆုံးဖြတ်နိုင်သည့်စံနှုန်းမရှိပါ။

မောရှေလက်ထက်တွင် ဣသရေလလူများစွာအတွက် ထိုသို့ဖြစ်ပေမည်။ သူတို့၏ဘိုးဘေးများသည် ရှေးရာဇဝင်များနှင့် ၎င်းတို့၏ဘိုးဘေးများ၏မှတ်တမ်းများကို လက်ဆင့်ကမ်းခဲ့ကြသည်။ ဘုရားသခင်သည် ဣသရေလလူတို့ကို အဲဂုတ္တုပြည်မှ ကယ်နှုတ်ပြီး တရားတော်ကိုပေးကာ ကတိထားရာပြည်သို့ ပို့ဆောင်ပေးခဲ့သည့် ဇာတ်လမ်းကို သူတို့သည်ပြောပြခဲ့ကြသည်။ သို့သော် သူတို့၏လက်ရှိအခြေအနေနှင့် အနာဂတ်တွင် ဣသရေလတို့အပေါ် ဘုရားသခင်မည်သို့လုပ်ဆောင်မည်ဟု ထိုသူတို့ယုံကြည်ကြရမည်နည်း။ ဤကိစ္စရပ်နှင့်ပတ်သက်၍ ကွဲပြားသောအမြင်များကြားတွင် သူတို့သည်မည်ကဲ့သို့ စီရင်ဆုံးဖြတ်မည်နည်း။ စသည့်မေးခွန်းမျိုးများကို ဘုရားသခင်သည် ထိုသူတို့အား သူတို့၏ယုံကြည်ခြင်းစံနှုန်းအဖြစ် သမ္မာကျမ်းစာ၏ ပထမဆုံးကျမ်းငါးစောင်၊ ပညတ္တိကျမ်းငါးကျမ်း Pentateuch ဟု ယခုကျွန်ုပ်တို့ခေါ်သောကျမ်းများကို ပေးခြင်းဖြင့်ဖြေကြားပေးခဲ့သည်။

ဤသည်မှာ ကျွန်ုပ်တို့၏အခန်းဆက်ဆောင်းပါးဖြစ်သော Pentateuch တွင် ပထမဆုံးသောသင်ခန်းစာဖြစ်ပြီး၊ "ပညတ္တိကျမ်းငါးကျမ်းမိတ်ဆက်" ဟုခေါင်းစဉ်တပ်ထားပါသည်။ ဤသင်ခန်းစာတွင် ကမ္ဘာဦးကျမ်းမှ တရားဟောရာကျမ်းထိ ကျမ်းများသည် ဣသရေလ၏ယုံကြည်ခြင်းအတွက် စံနှုန်းတစ်ခုအဖြစ် မည်သို့ဆောင်ရွက်ခဲ့သည်ကို မိတ်ဆက်ပေးပါမည်။

ကျွန်ုပ်တို့၏ပညတ္တိကျမ်းငါးကျမ်းမိတ်ဆက်တွင် အဓိကအပိုင်းနှစ်ပိုင်း ခွဲထားသည်။ ပထမ၊ သမ္မာကျမ်းစာ၏ဤအပိုင်းနှင့်ပတ်သက်၍ ခေတ်သစ်ဝေဖန်ပိုင်းခြားချဉ်းကပ်မှုများကို ဖော်ပြပါမည်။ ဤချဉ်းကပ်နည်းများသည် သမ္မာကျမ်းစာ၏အခွင့်အာဏာအပြည့်အဝကို ငြင်းပယ်သော အနက်ပြန်သူများ၏ အမြင်များကိုကိုယ်စားပြုသည်။ ဒုတိယ၊ ကျွန်ုပ်တို့သည် ခေတ်သစ်ယုံကြည်သူများ၏အမြင်များ၊ ဘုရားသခင်မှုတ်သွင်းထားသောနှုတ်ကပတ်တော်အဖြစ် သမ္မာကျမ်းစာ၏ အခွင့်အာဏာပြည့်ဝခြင်းကို အတည်ပြုသော ကျမ်းစာပညာရှင်များ၏အမြင်များကို လေ့လာပါမည်။ ပညတ္တိကျမ်းငါးကျမ်းအတွက် ခေတ်သစ်ဝေဖန်ပိုင်းခြားချဉ်းကပ်မှုများကို ဦးစွာကြည့်ကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ခေတ်သစ်ဝေဖန်ပိုင်းခြားချဉ်းကပ်မှုများ

ကျွန်ုပ်တို့၏သင်ခန်းစာများသည် ကွဲပြားသောဦးတည်ချက်သို့သွားသော်လည်း၊ ခေတ်သစ်ကျမ်းပညာရှင်အချို့သည်၊ အများးစုမဟုတ်ပါ၊ ပညတ္တိကျမ်းငါးကျမ်းအား ဘုရားသခင်မှုတ်သွင်းခြင်းနှင့် အခွင့်အာဏာကိုငြင်းပယ်ကြသည်ကို သိရှိနားလည်ရန် ကျွန်ုပ်တို့အတွက်အရေးကြီးပါသည်။ ပညတ္တိကျမ်းငါးကျမ်းသည် ဣသရေလ၏တရားတော်ကိုပေးခဲ့သူကြီး မောရှေလက်ထက်မှ ဆင်းသက်လာသည်ဟု ရိုးရာအစဉ်အလာဂျူးနှင့် ခရစ်ယာန်တို့၏အမြင်ကိုလည်း သူတို့သည်ငြင်းဆိုထားသည်။ များစွာသော မှတ်ချက်ပေးသူများ၊ ဆရာများ၊ သင်းအုပ်ဆရာများနှင့် သာမန်လူများပင်လျှင် ဤအမြင်များကို ထောက်ခံခဲ့ကြသည်။ သမ္မာကျမ်းစာအား လေးနက်စွာလေ့လာနေသောကျောင်းသားများအဖို့ ၎င်းတို့အား ရှောင်ရှားရန်မဖြစ်နိုင်ပါ။ ထို့အတွက်ကြောင့်၊ သမ္မာကျမ်းစာ၏ဤအပိုင်းကို ဝေဖန်ပိုင်းခြားသော ပညာရှင်များ မည်သို့ကိုင်တွယ်သည်ကို နားလည်မှုအချို့ရှိရန် အရေးကြီးပါသည်။

> လွန်ခဲ့သည့်နှစ်ပေါင်း ၁၅၀ မှ ၂၀၀ အတွင်း၊ ဝေဖန်ပိုင်းခြားသောပညာရှင်များသည် ပညတ္တိကျမ်းငါးကျမ်းကို လေ့လာရန် များစွာအာရုံစိုက်ခဲ့ကြသည်။ ကျွန်ုပ်တို့ယုံကြည်သူများသည် ထိုချဉ်းကပ်နည်းများစွာကို သဘောမတူနိုင်သော်လည်း၊ ၎င်းတို့၏အကြံပြုချက်များကို မှန်ကန်စွာတုံ့ပြန်နိုင်ရန်အတွက် ဧဝံဂေလိကျမ်းပညာရှင်များစွာရှိသည်ကို သိရှိထားရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်တွင်ဖြစ်ပျက်နေသည်များကိုသတိမထားဘဲ၊ လက်တွေ့ဘဝနှင့်ကင်းကွာလျှက် သမ္မာကျမ်းစာကို မလေ့လာသင့်ပါ။ အခြားနေရာများတွင်ဖော်ပြထားသမျှကို ကျွန်ုပ်တို့၏ချဉ်းကပ်မှုများသည် ရှင်းလင်းစွာဖော်ပြရန်လိုသည်။
>
> **ဒေါက်တာ John Oswalt**

ပညတ္တိကျမ်းငါးကျမ်းအတွက် ခေတ်သစ်ဝေဖန်ပိုင်းခြားချဉ်းကပ်မှုများကိုနားလည်ရန်၊ ကျွန်ုပ်တို့သည်ကိစ္စရပ်သုံးခုကို ကြည့်ရှုပါမည်_ပထမ၊ ဝေဖန်ပိုင်းခြားနိုင်သောအမြင်များကို လွှမ်းမိုးထားသော အရေးကြီးသည့်ကြိုတင်ယူဆချက်များ၊ ဒုတိယ၊ ပညတ္တိကျမ်းငါးကျမ်းအား ကျမ်းရေးသူနှင့်ပတ်သက်၍ ဝေဖန်မှုရှုထောင့်များ၊ တတိယ၊ ဝေဖန်ပိုင်းခြားသောပညာရှင်များ လက်ကိုင်ပြုခဲ့သော သိသာထင်ရှားသည့် အဓိပ္ပာယ်ဖွင့်ဆိုခြင်းနည်းဗျူဟာများ။ ဤချဉ်းကပ်မှုများအပေါ် လွှမ်းမိုးထားသော ကြိုတင်ယူဆချက်များကို ဦးစွာကြည့်ပါမည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ကြိုတင်ယူဆချက်များ

အစိတ်အပိုင်းအများစုအတွက်၊ သမ္မာကျမ်းစာ၏ ဤအပိုင်းနှင့်ပတ်သက်သည့် ခေတ်သစ်ဝေဖန်ရှုမြင်ချက်များသည် အနောက်ဥရောပ၌ ဆယ့်ခုနစ်ရာစုနှင့် တစ်ဆယ့်ရှစ်ရာစုအတွင်း ဉာဏ်အလင်းရရှိခြင်း၏ဉာဏရေစီးကြောင်းများမှ တိုက်ရိုက်စီးဆင်းလာသည်။

ကျွန်ုပ်တို့၏ရည်ရွယ်ချက်များအတွက်၊ ကျွန်ုပ်တို့သည် ဉာဏ်အလင်းရရှိခြင်းမှ ပေါက်ဖွားလာသော သိသာထင်ရှားသော ကြိုတင်ယူဆချက်နှစ်ခုကို အာရုံစိုက်ပါမည်။ ဤရှုထောင့်နှစ်ခုလုံးသည် ပညတ္တိကျမ်းငါးကျမ်းအပေါ် ဝေဖန်ပိုင်းခြားအနက်ပြန်ဆိုချက်များကို နက်ရှိုင်းစွာ လွှမ်းမိုးခဲ့သည်။ ဦးစွာ ပထမ ကျွန်ုပ်တို့သည် သဘာဝတရားအခြေပြုဝါဒ၏ သဘောတရားကို သုံးသပ်ပါမည်။ ဒုတိယ၊ ဣလသရေလ၏ယုံကြည်ခြင်းသမိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်သော ကြိုတင်ယူဆချက်များကို ကြည့်ရှုပါမည်။ သဘာဝတရားအခြေပြုဝါဒဖြင့် စတင်ကြပါစို့။

## သဘာဝတရားအခြေပြုဝါဒ

အတိုချုပ်အားဖြင့်၊ ဉာဏ်အလင်းသဘာဝတရားအခြေပြုဝါဒသည် ဝိညာဏအမှန်တရားများ လုံးဝတည်ရှိပါက၊ ထိုအရာတို့သည် မျက်မြင်ရလောကအပေါ် သိသာသောအကျိုးသက်ရောက်မှု မရှိဟု လွှမ်းမိုးသောပညာရေးယုံကြည်ချက်ဖြစ်သည်။ ထို့အတွက်ကြောင့်၊ ၎င်းတို့သည် ပညာရပ်ဆိုင်ရာသုတေသနပြုရန် နေရာမရှိပါ။ ၁၉ ရာစုအလယ်တွင်၊ ခရစ်ယာန်ယုံကြည်ခြင်းဆိုင်ရာ လေ့လာမှုများအပါအဝင်၊ အနောက်တိုင်းရှိ ပညာရပ်နယ်ပယ်တိုင်းကို သဘာဝတရားအခြေပြုဝါဒသည် လွှမ်းမိုးခဲ့သည်။ သမ္မာကျမ်းစာလေ့လာမှုများတွင် သဘာဝတရားအခြေပြုဝါဒ၏ အဓိကအကျိုးသက်ရောက်မှုတစ်ခုသည်၊ ပညတ္တိကျမ်းငါးကျမ်းကို ဘုရားသခင်မှတ်သွင်းထားသည်ဟု ကာလရှည်ကြာ ဂျူးနှင့် ခရစ်ယာန်တို့၏ယုံကြည်ချက်အား လေးစားရသောပညာရှင်များ ငြင်းပယ်ခဲ့ကြခြင်းပင် ဖြစ်သည်။ ထို့အတွက်ကြောင့်၊ အများစုသည် ရှေးယဉ်ကျေးမှုများ၏ ဘာသာရေးဆိုင်ရာ အရေးအသားစာပေများကို ကိုင်တွယ်သည့်နည်းများဖြင့် ပညတ္တိကျမ်းငါးကျမ်း ကိုကိုင်တွယ်ခဲ့ကြသည်။ ဤအမြင်တွင်၊ ပညတ္တိကျမ်းငါးကျမ်းတွင် အမှားအယွင်းများ၊ ဆန့်ကျင်ကွဲလွဲမှုများနှင့် အခြားသော လူ့အရေးအသားများကဲ့သို့ပင် သမိုင်းနှင့် မှားယွင်းသောဓမ္မပညာကို ရည်ရွယ်ချက်ရှိရှိ လွဲမှားစွာတင်ပြမှုများပါရှိသည်။

စိတ်ဝင်စားဖွယ်ကောင်းသည်မှာ၊ သဘာဝတရားအခြေပြုဝါဒကို ဦးတည်စေသော ကြိုတင်ယူဆချက်များသည် ပညတ္တိကျမ်းငါးကျမ်းအားမှုတ်သွင်းခြင်းနှင့် အခွင့်အာဏာကို ပယ်ရှားရန် ခေတ်သစ်ပညာရှင်များကိုပေါ်ထွက်စေကာ၊ သူတို့သည် ဣလသရေလယုံကြည်ခြင်း၏ သမိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအပေါ် အချို့သောအမြင်များကို ဖြစ်ပေါ်စေခဲ့သည်။

## သမိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု

ဆယ့်ကိုးရာစုအစောပိုင်းတွင်၊ သဘာဝတရားအခြေပြုဝါဒသည် “သဘာဝကျသောသမိုင်းဝါဒ” ဟုခေါ်သည့်အရာကို ဦးတည်ခဲ့သည်။ ဤသည်မှာ အကြောင်းအရာတိုင်းကိုနားလည်ရန် အကောင်းဆုံးနည်းလမ်းသည် အချိန်ကြာလာသည်နှင့်အမျှ သဘာဝအကြောင်းတရားများမှတဆင့် ထိုအကြောင်းအရာ

များသည် မည်သို့တိုးတက်ပြောင်းလဲလာသည်ကို နားလည်ရန်ဖြစ်သည်ဟူသော ယုံကြည်ချက်ဖြစ်သည်။ ၁၉ ရာစု ဇီဝဗေဒပညာရှင်များသည် ကမ္ဘာပေါ် ရှိသက်ရှိများ မည်ကဲ့သို့ ပေါ်ပေါက်လာပုံနှင့် ထောင်စုနှစ်များတစ်လျှောက် ဆင့်ကဲပြောင်းလဲလာပုံကို ရှင်းပြရန် မိမိတို့ဘဝကို မြှုပ်နှံထားကြသည်။ ဘာသာဗေဒပညာရှင်များသည် လူ့ဘာသာစကားများ၏ သမိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများကို ခြေရာခံခဲ့ကြသည်။ ရှေးဟောင်းသုတေသနပညာရှင်များသည် ရှေးခေတ်ကာလနောက်ခံသမိုင်းကြောင်းများနှင့် လူ့အသိုင်းအဝိုင်း၏ တိုးတက်မှုများကို ပြန်လည်ဖော်ထုတ်ခဲ့ကြသည်။ ဘာသာရေးနယ်ပယ်မှ ပညာရှင်များသည် ကမ္ဘာ့ဘာသာတရားများ၏သဘာဝကျသောသမိုင်းဆိုင်ရာ ဆင့်ကဲဖြစ်စဉ်ကို ဖော်ပြရန် အလားတူ ဦးစားပေးခဲ့ကြသည်။

ယေဘုယျအားဖြင့်၊ ခေတ်သစ်အနောက်တိုင်းပညာရှင်များသည်လူ့အဖွဲ့အစည်းအတွင်းတိုးတက်မှုများကို နားလည်သဘောပေါက်စေရန် ကမ္ဘာ့ဘာသာတရားများ၏ ဆင့်ကဲဖြစ်စဉ်ကိုပြန်လည်ဖော်ထုတ်ခဲ့ကြသည်။ သာဓကအားဖြင့်၊ ရှေးခေတ်လူများသည် သဘာဝရှိ အရာဝတ္ထုများတွင် ၎င်းတို့နှင့် ဆက်စပ်နေသော ဝိညာဉ်များရှိသည်ဟုယုံကြည်သည့် သက်ဝင်ကိုးကွယ်ယုံကြည်မှုကို ကျင့်သုံးသော ကမ္ဘာဦးလူ့အဖွဲ့အစည်းကို စတင်ပုံသွင်းခဲ့သည်ဟု အများအားဖြင့်ယူဆကြသည်။ အချိန်ကြာလာသည်နှင့်အမျှ၊ ကမ္ဘာဦးလူအဖွဲ့အစည်းများသည် ဘုရားများစွာယုံကြည်ခြင်း polytheism ကိုကျင့်သုံးသော မျိုးနွယ်စုအကြီးအကဲကြီးများကို ပုံဖော်ခဲ့ကြသည်။ အမျိုးမျိုးသော မျိုးနွယ်စုအကြီးအကဲကြီးများသည် ပိုမိုကြီးမားသောမဟာမိတ်ပြုမှုများ ပြုလုပ်လာသည်နှင့်အမျှ ဘာသာတရားသည် ဘုရားများစွာယုံကြည်ခြင်း polytheism မှ ဘုရားအားလုံးထဲမှတစ်ပါးသည် အကြီးမြတ်ဆုံးဖြစ်သည်ဟု ယုံကြည်သည့် henotheism သို့ ကူးပြောင်းစပြုလာသည်။ နောက်ဆုံးတွင်၊ ကြီးမားသောနိုင်ငံများနှင့် အင်ပါယာများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ၊ အစွမ်းကြီးသောဘုရင်များနှင့် ယဇ်ပုရောဟိတ်များသည် ၎င်းတို့၏လူမျိုးကို ဘုရားအားလုံးထဲမှတစ်ပါးသည် အကြီးမြတ်ဆုံးဖြစ်သည်ဟု ယုံကြည်သည့် henotheism မှ ဘုရားတစ်ဆူတည်းကို ယုံကြည်ခြင်းဖြစ်သည့် monotheism သို့ကူးပြောင်းစေခဲ့သည်။ ဤသဘာဝကျသော သမိုင်းအမြင်အရ၊ ၎င်းသည် ဘာသာရေး၏စံနှုန်းများကိုပြဌာန်းခြင်း သို့မဟုတ် ချရေးခြင်းစသည့် အဆင့်မြင့်သည့်အခြေအနေထိ မရောက်သေးပါ။ ဤအချိန်မတိုင်မီထိ၊ ဘာသာတရားသည် နှုတ်ဓလေ့များဖြင့်သာ မျိုးဆက်တစ်ခုမှတစ်ခုသို့ ကူးပြောင်းလာခဲ့သည်။

ယခု၊ နှစ်ဆယ်ရာစုနှောင်းပိုင်းတွင် မနုဿဗေဒပညာရှင်များသည် ဘာသာတရားများသည် ဤမျှ ရိုးရှင်းသောပုံစံဖြင့် ပြောင်းလဲလာသည်ဟူသော အယူအဆကို အကြီးအကျယ် အလေးမထားကြောင်း ကျွန်ုပ်တို့သတိပြုသင့်သည်။ သို့သော် ဤအမြင်များသည် ခေတ်သစ်ကာလအစောပိုင်းတွင် သမ္မာကျမ်းစာပညာရှင်များ၏ပညတ္တိကျမ်းငါးကျမ်းကို ကိုင်တွယ်ပုံအပေါ် နက်ရှိုင်းစွာလွှမ်းမိုးခဲ့သည်။ ယနေ့တိုင်အောင် သူတို့သည် ကျမ်းစာဆိုင်ရာပညာရပ်အပေါ် လွှမ်းမိုးနေဆဲဖြစ်သည်။

> ကျွန်ုပ်တို့သည် ခေါ်လေ့ရှိသော "ဝေဖန်ပိုင်းခြားပညာရပ်"ယူဆသည်မှာ ဓမ္မဟောင်းကျမ်းသည် ကမ္ဘာဦးဆန်သော၊ ခေတ်နောက်ကျသော ဘာသာရေး ပုံစံမှ ယုံကြည်ချက်များ ဖွံ့ဖြိုးတိုးတက်မှုကို ထင်ဟပ်စေပြီး၊ ပိုမိုရှုပ်ထွေး၍ ခေတ်မီဆန်းပြားသောဘာသာတရားတစ်ခုအထိ၊ နောက်ပိုင်းတွင် ယခင်ပုံစံထက် ပိုမိုကောင်းမွန်လာသည်ဟု ယူဆလေ့ရှိသည်။ ၎င်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပြောနိုင်သည့်အချက်အချို့ ရှိပါသည်။ တစ်ချက်မှာ၊ အပြုသဘောဖြင့်ပြောရလျှင် ဘုရားသခင်သည် သူ့ကိုယ်သူထုတ်ဖော်ပြမှုတွင် တိုးတက်ကြီးထွားမှုရှိသည်ဟု ပြောနိုင်သည်။ ဘုရားသခင်အကြောင်းသြဝါဒသွန်သင်ချက်များ၊ အကြောင်းအရာများနှင့် အတွေးအခေါ်အယူအဆများသည် မျိုးစေ့ဘဝမှသည် အပြည့်အဝ ပုံပေါ်လာသည်ထိ ကြီးထွားလာမှု၊ တနည်းအားဖြင့် "သဘာဝကြီးထွားမှု" ဟု ကျွန်ုပ်တို့ ခေါ်ဆိုသည့် ဤအရာကို သမ္မာကျမ်းစာသည် ဖော်ပြထားသည်။ ထို့ကြောင့် သမ္မာကျမ်းစာအတွင်း နှင့် ပညတ္တိကျမ်းငါးကျမ်းတို့အတွင်း တိုးတက်ကြီးထွားမှုပုံစံ သည် အဟုတ်ပင် ရှိနေပါသည်။ သင်ဆန္ဒရှိ၍၊ ပန်းပွင့်တပွင့် အဆင့်ဆင့်ဖူးပွင့်လာသည်ကို အချိန်ဆိုင်း၍ရိုက်ထားသော ဓာတ်ပုံတစ်ပုံအား သင်စိတ်ကူးကြည့်နိုင်မည်ဆိုပါက၊ ဘုရားသခင်၏ ဖွင့်လှစ်ဖော်ပြမှုအစပြုခြင်းမှ အပြည့်အဝဖူးပွင့်ခြင်းသို့ ရောက်လာခြင်းသည် ရွေ့လျားမှုတစ်ခုပင် ဖြစ်သည်။ သို့သော်၊ အပျက်သဘောပြောရလျှင်၊ ရှောင်လွှဲမရနိုင်သည့်တိုးတက်ကြီးထွားမှုဟုယူဆသည့် လူ့သမိုင်း၏ ဆင့်ကဲဖြစ်စဉ် သို့မဟုတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအမြင်ကို ဝေဖန်ပိုင်းခြားသော ပညာရှင်များသည် ယေဘုယျအားဖြင့်ကိုင်စွဲထားကြသည်... ယခု ကျွန်ုပ်တို့ လုပ်ရမည့်အရာမှာ ရှောင်လွှဲမရနိုင်သည့်တိုးတက်ကြီးထွားမှုသည် ဒဏ္ဍာရီ တစ်ခုဖြစ်ကြောင်း သိမြင်ရန် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ကို ကြည့်ပါ။ မှန်ပါသည်၊ ကျွန်ုပ်တို့တိုးတက်ကြီးထွားမှုရှိသည်၊ ကျွန်ုပ်တို့တိုးတက်ကြီးထွားလာသည်နှင့် အမျှ ဖွံ့ဖြိုးလာကြသည်။ ထို့ကြောင့်၊ အိုဟောင်းသောအရာကို ပို၍နိမ့်ကျသည် ဟု ရှုမြင်သော ခေတ်သစ်၏မာန်မာနများနှင့်ပတ်သက်၍ တစ်စုံတစ်ရာရှိ နေသည်၊ အမှန်တကယ်တွင်၊ ၎င်းသည် ဒဿနိကဗေဒဆိုင်ရာ ယူဆချက် ဖြစ်သည်၊ ၎င်းသည် သမ္မာကျမ်းစာ၌ တွေ့ရှိရသည့် အရာမဟုတ်ပါ။

**သိက္ခာတော်ရ ဆရာကြီး Michael J. Glodo**

ကမ္ဘာ့ဘာသာတရားများနှင့်ပတ်သက်သော ခေတ်သစ်အစောပိုင်းအမြင်များသည် ဣသရေလ၏ ယုံကြည်ခြင်းတိုးတက်မှုကို သမ္မာကျမ်းစာဖော်ပြပုံနှင့် သိသာစွာ ကွဲပြားပါသည်။ ပညတ္တိကျမ်းငါးကျမ်းသည် ဣသရေလ၏ယုံကြည်ခြင်းကို ဘုရားတစ်ဆူတည်းကိုယုံကြည်ခြင်းအဖြစ် တသမတ်တည်းတင်ပြသည်။ အာဒံနှင့်ဧဝမှစ၍ နောအေထိ၊ ဘိုးဘေးများ၊ ဣသရေလအမျိုးအနွယ်များ၏ အကြီးအကဲများတိုင်၊ သစ္စာရှိသူများသည် စစ်မှန်သောဘုရားသခင်တစ်ဆူတည်းကို ခပ်သိမ်းသောဖန်ဆင်းရှင်အဖြစ် ကိုးကွယ်ကြသည်။ ကမ္ဘာဦးကျမ်းမှ ကျွန်ုပ်တို့သိထားသလောက်၊ အစောပိုင်းကာလများတွင် ဤစစ်မှန်သော၊ ဘုရားတစ်ဆူတည်းကိုယုံကြည်သော ယုံကြည်ခြင်းသည် နှုတ်ဓလေ့များမှတဆင့် မျိုးဆက်တစ်ခုမှ နောက်တစ်ခုသို့ ကူးပြောင်းသွားသည်။

ထို့နောက် ပညတ္တိကျမ်းငါးကျမ်း၏အဆိုအရ မောရှေလက်ထက်တွင် အဆုံးအဖြတ်အကူးအပြောင်းတစ်ခု ဖြစ်ပွားခဲ့သည်။ ဤအချိန်တွင်၊ ဣသရေလ၏ယုံကြည်ခြင်းစံနှုန်းများကို စတင်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပြဌာန်းခဲ့သည်။ မောရှေသည် ပထမဦးစွာ၊ ပဋိညာဉ်ကျမ်းနှင့် ပညတ်တော်ဆယ်ပါးတွင် ဘုရားသခင်၏ ပညတ်တော်များကို ချရေးခြင်းဖြင့် ဣသရေလလူမျိုးအတွက် ပြင်ဆင်ထားပြီး၊ နောက်ပိုင်းတွင် ကျွန်ုပ်တို့မြင်တွေ့ရသည့်အတိုင်း၊ ကျန်ရှိသော ပညတ္တိကျမ်းငါးကျမ်းကို ဣသရေလလူမျိုး၏ယုံကြည်ခြင်းကို လမ်းညွှန်ရန် ရေးခဲ့သည်။ ထို့ကြောင့်၊ သမ္မာကျမ်းစာအရ၊ ဣသရေလတို့၏ဘာသာတရားသည် မောရှေလက်ထက်မှစ၍ မြင့်မြတ်သောအရေးအသားများဆီသို့ ဦးတည်ခဲ့ပြီး၊ ဣသရေလဘုရင်နှင့် ဝတ်ပြုရာအိမ်တော်မပေါ်မီ ကာလအတန်ကြာကတည်းက တည်ရှိခဲ့သည်။

ဤလူသိများသော သမ္မာကျမ်းစာမှတ်တမ်းသည် ရိုးရှင်းသကဲ့သို့၊ ခေတ်သစ်ဝေဖန်ပိုင်းခြားဝါဒသည် သဘာဝကျသောသမိုင်းအယူအဆများအရ ဤအချိန်ဇယားသည်မဖြစ်နိုင်ဟု ယူဆကြသည်။ ခေတ်သစ်ဝေဖန်ပိုင်းခြားသောပညာရှင်များသည် ဣသရေလ၏ယုံကြည်ခြင်းဆိုင်ရာ သမ္မာကျမ်းစာပုံစံကို တိုက်ဆိုင်စိစစ်ခဲ့ကြသည်။ ၎င်းတို့သည် ရှေးကမ္ဘာဦးဘာသာတရားများ မည်သို့ပြောင်းလဲဖြစ်ပေါ်လာသည်ကို ခေတ်သစ်အယူအဆများနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြန်လည်ဖော်ထုတ်ခဲ့ကြသည်။ ဤအမြင်တွင်၊ ဣသရေလ၏သမိုင်းမတိုင်မီ ဘိုးဘေးများသည် လူမျိုးစုနတ်ကိုးကွယ်မှုကို လက်ခံယုံကြည်ကြသည်။ ထို့နောက်၊ ဣသရေလအမျိုး၏ဘိုးဘေးများသည် မျိုးနွယ်စုများစုပေါင်းကာ ဘုရားများစွာယုံကြည်ခြင်း polytheism အယူဝါဒသို့ ကူးပြောင်းခဲ့ကြသည်။ ဤအမြင်တွင်၊ မောရှေသည်ဣသရေလလူမျိုးကို အီဂျစ်ပြည်မှ နှုတ်ဆောင်ခဲ့မည်ဆိုလျှင်၊ သူဦးဆောင်သော ဣသရေလလူမျိုးများသည် ဘုရားအားလုံးထဲမှတစ်ပါးသည် အကြီးမြတ်ဆုံးဖြစ်သည်ဟု ယုံကြည်သည့် henotheism သွင်ပြင်လက္ခဏာရှိသော မျိုးနွယ်စုများမဟာမိတ်ပြုခြင်းထက် အနည်းငယ်သာလွန်သည်။ ထို့ပြင်၊ သမ္မာကျမ်းစာနှင့်ဆန့်ကျင်ဘက်၊ လူမှုဖွံ့ဖြိုးတိုးတက်မှု၏ဤကာလတွင်၊ ဣသရေလ၏ယုံကြည်ခြင်းစံနှုန်းများကို မည်သူတစ်ဦးတစ်ယောက်ကမှ ရေးသားဖော်ပြရန် မဖြစ်နိုင်ကြောင်း ဝေဖန်ပိုင်းခြားသောအနက်ပြန်သူများယုံကြည်ကြသည်။ ဣသရေလဘုရင်များနှင့် ယဇ်ပုရောဟိတ်များသည် ဣသရေလ၏ယုံကြည်ခြင်းကိုထိန်းကျောင်းရန် ကြိုးပမ်းသောအခါ၊ ဣသရေလ၏ ဘုရင်စနစ်အစောပိုင်းကာလတွင်သာ ထိုသို့သောစံနှုန်းများ ပေါ်ပေါက်လာနိုင်သည်။ ထို့ကြောင့်၊ ဝေဖန်ပိုင်းခြားသောပညာရှင်များ၏အဆိုအရ၊ ဘုရင်စနစ်လက်ထက်မှစ၍ ဣသရေလ၏ဘာသာတရားသည် စာအုပ်၏ဘာသာတရားဖြစ်လာခဲ့သည်။

ယခု ကျွန်ုပ်တို့သည် သမ္မာကျမ်းစာအပေါ် ခေတ်သစ်ဝေဖန်ပိုင်းခြားချဉ်းကပ်မှုများ၏ ကြိုတင်ယူဆချက်များနှင့် ဣသရေလ၏ယုံကြည်ခြင်းသမိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ထိတွေ့မိပြီဖြစ်သောကြောင့်၊ နီးကပ်စွာ ဆက်စပ်နေသော ဒုတိယအကြောင်းအရာကို ကျွန်ုပ်တို့ ကြည့်သင့်ပါသည်။ ဤအမြင်များသည် ပညတ္တိကျမ်းငါးကျမ်း၏ကျမ်းရေးသူနှင့်ပတ်သက်၍ ဝေဖန်ပိုင်းခြားချဉ်းကပ်မှုများကို မည်သို့အကျိုးသက်ရောက်ခဲ့သနည်း။

## ကျမ်းရေးသူ

ကျွန်ုပ်တို့တွေ့မြင်ရသည့်အတိုင်း၊ ဝေဖန်ပိုင်းခြားသောအနက်ပြန်သူများသည် ဣသရေလတို့၏ယုံကြည်ခြင်းကို ဣသရေလဘုရင်များလက်ထက်တွင်သာ စတင်ပြဌာန်းခဲ့သည်ဟု ယုံကြည်ကြသည်။ အမှန်တကယ်တွင်၊ ဤယူဆချက်သည် ပညတ္တိကျမ်းငါးကျမ်းကိုရေးသားရာတွင် မောရှေသည် ပါဝင်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပတ်သက်ခြင်းမရှိဟု ဆိုလိုခြင်းဖြစ်သည်။ ၎င်းအစား၊ ဤကျမ်းများသည် ဘုရင်စနစ်လက်ထက်တွင် ရှေးနှုတ်ဓလေ့များအား အမျိုးမျိုးသော သက်သေခံအထောက်အထားများအဖြစ်သို့ စတင်ပြုစုထားသော ရှည်လျားရှုပ်ထွေးသော လုပ်ငန်းစဉ်မှ ထွက်ပေါ်လာခြင်းဖြစ်သည်။ ဣသရေလတို့ ပြည်နှင်ဒဏ်ခံရသည့်အချိန်နှင့် နောက်ပိုင်းတွင်သာ ဤသက်သေခံအထောက်အထားများကို ယခုကျွန်ုပ်တို့သိသော ပညတ္တိကျမ်းငါးကျမ်းတွင် တည်းဖြတ်ပြီး ပြုစုခဲ့သည်။ ယခု၊ ပညတ္တိကျမ်းငါးကျမ်း၏ ဤရှည်လျားသော တိုးတက်လာမှုသမိုင်းကြောင်းကို ပညာရှင်အများအပြားသည် ယုံကြည်ကြသည်ကို ကျမ်းစာကျောင်းသားများ ပထမဆုံးကြားသောအခါ၊ သူတို့သည် ၎င်းကို ထောက်ခံသည့် အထောက်အထားများသည် မည်သည့်အရာဖြစ်သည်ကို အမြဲတွေးမိကြသည်။

ပညတ္တိကျမ်းငါးကျမ်း၏ကျမ်းရေးသူဆိုင်ရာ ဤချဉ်းကပ်ပုံနှင့်ပတ်သက်၍ ဝေဖန်ပိုင်းခြားသော ပညာရှင်များ ပေးထားသော အဓိကအထောက်အထားသုံးခုကို အကျဉ်းချုပ်ကာကြည့်ရှုပါမည်။ ပညတ္တိကျမ်းငါးကျမ်းတွင်တွေ့ရသော ဘုရားသခင်အမည်များ ကွဲပြားမှုများဖြင့် စတင်ပါမည်။

## ဘုရားသခင်အမည်များ

ပညတ္တိကျမ်းငါးကျမ်းတွင် ဘုရားသခင်အတွက် အမည်နာမအမျိုးမျိုးရှိကြောင်း အစောပိုင်းဝေဖန်ပြောဆိုသူများ မှတ်ချက်ပြုခဲ့ကြသည်။ ထိုကွဲပြားမှုများသည် ဣသရေလလူမျိုး၏ယုံကြည်ခြင်း၏ ရှည်လျားသောဆင့်ကဲဖြစ်စဉ်၏သက်သေအထောက်အထားများဖြစ်ကြောင်း သူတို့ငြင်းခုံခဲ့ကြသည်။ ဥပမာအားဖြင့်၊ တစ်ခါတစ်ရံတွင် ပညတ္တိကျမ်းငါးကျမ်းသည် ဟေဗြဲအခေါ်အဝေါ် *אֱלֹהִים* (Elohim) သို့မဟုတ် "ဘုရားသခင်"ကိုသုံးနှုန်းသည်။ အခြားအချိန်များတွင်၊ ဘုရားသခင်ကို *יהוה*(Yhweh) သို့မဟုတ် "သခင်" ဟုခေါ်သည်။ ပညတ္တိကျမ်းငါးကျမ်းသည် ဤအသုံးအနှုန်းများကို တစ်ခုနှင့်တစ်ခု သို့မဟုတ် အခြားအသုံးအနှုန်းများဖြစ်သည့် "Yahweh Elohim" "ထာဝရဘုရားသခင်"နှင့် "Yahweh Yireh""ထာဝရဘုရားထောက်ပံ့သည်" စသည်ဖြင့် စုပေါင်းခဲ့သည်။ ဘုရားသခင်ကို "El Elyon" "အမြင့်ဆုံးသောဘုရားသခင်" နှင့် "El Shaddai" "အနန္တတန်ခိုးရှင်ဘုရားသခင်" ဟုလည်း ခေါ်ဆိုလေ့ရှိသည်။

ယခုအခါတွင်၊ ပညတ္တိကျမ်းငါးကျမ်းသည် ဘုရားသခင်အတွက် အမည်အမျိုးမျိုးကို ထင်ဟပ်နေသော်လည်း၊ ၎င်းသည် အထူးအဆန်းမဟုတ်ကြောင်း သတိပြုရန် အရေးကြီးပါသည်။ နှစ်ဆယ်ရာစုတွင် အခြားရှေးခေတ် အရှေ့တိုင်းဘာသာတရားများ၏ နတ်ဘုရားအမည်များကို သုတေသနပြုခဲ့ရာ တူညီသောကျမ်းရေးသူများသည် ၎င်းတို့၏ဘုရားများအတွက်လည်း အမည်အမျိုးမျိုးကို အသုံးပြုကြောင်း ထောက်ပြခဲ့သည်။ သို့တိုင်၊ ပညတ္တိကျမ်းငါးကျမ်းတွင် ဘုရားသခင်၏နာမတော်ကွဲပြားမှုများသည် ရှည်လျားသောဖွံ့စည်းမှုသမိုင်းကြောင်းကိုဖော်ပြသည်ဟု အစောပိုင်းဝေဖန်ပိုင်းခြားသော ပညာရှင်များယူဆခဲ့ကြသည်။ အရင်းအမြစ်တစ်ခုသည် အခြားတစ်ခုသို့ ပေါင်းထည့်ကြောင်း ဘုရားသခင်၏ ကွဲပြားသောအမည်များသည်ဖော်ပြနေကြပြီး၊ နောက်ဆုံးတွင် ပညတ္တိကျမ်းငါးကျမ်းကို ဖြစ်ပေါ်စေသည်ဟု သူတို့ယုံကြည်ကြသည်။

ဓမ္မဟောင်းကျမ်းတစ်လျှောက်ကို သင်ဖတ်ရှုသောအခါ၊ ဘုရားသခင်အတွက်
ကွဲပြားသောအမည်များရှိကြောင်း သတိထားမိရန် အချိန်များစွာမလိုအပ်ပါ။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ကမ္ဘာဦးကျမ်း ၁ တွင် ဘုရားသခင်၏နာမတော်သည် *Elohim* ဘုရားသခင်ဖြစ်သည်။ ကမ္ဘာဦးကျမ်း ၂၊ ရုတ်တရက်ပင် သင်သည် *Yahweh* ယေဟောဝါအရှင် ဘုရားသခင် ဟူသည့်အမည်ကိုတွေ့ရသည်။ ဤအချက်နှင့်ပတ်သက်၍ ဝေဖန်ပိုင်းခြားချဉ်းကပ်မှုများသည် ယုံကြည်သူတစ်ဦးနားလည်သဘောပေါက်သည်ထက် ကွဲပြားခြားနားစွာနားလည်မည်ဖြစ်သည်။ ဝေဖန်ပိုင်းခြားသောပညာရှင်သည် ၎င်းတို့သည် မတူညီသော အရင်းအမြစ်များမှ လာသည်ဟု ဆိုလိမ့်မည်... ယုံကြည်သူများအနေနှင့်၊ ကျွန်ုပ်တို့သည် ပိုမိုကြီးမားသော ရုပ်ပုံကားချပ်ကို နားလည်ရန် လိုအပ်သည်ဟု ထင်ပါသည်။ ဘုရားသခင်သည် *Elohim* ဖြစ်ပြီး၊ သူသည် *Yahweh* ဖြစ်သည်။ *Elohim* သည် အနန္တတန်ခိုးရှင်ဖြစ်ပြီး၊ ကမ္ဘာလောက၏အပေါ်တွင်ရှိတော်မူသော ဖန်ဆင်းရှင်ဖြစ်ပြီး၊ ကမ္ဘာပေါ် ရှိ လူမျိုးအားလုံးမှ မြင့်မြတ်သောတန်ခိုးရှင်၊ အဆုံးစွန်သောပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြုမည့်သူဖြစ်သည်။ သို့ရာတွင်၊ ဣသရေလအမျိုးနှင့် ပဋိညာဉ်ပြုသောအားဖြင့်၊ သူသည်ကိုယ်ပိုင်နာမတော်ဖြစ်သည့် *Yahweh* ကိုဖော်ထုတ်ပြခဲ့သည်။ သူသည် မိမိလူမျိုးအတွက်ဖြစ်၍ မိမိလူတို့နှင့်အတူရှိမည့် "ငါ" ဖြစ်သည်။ ဣသရေလသည် ဘုရားသခင်ရွေးချယ်ထားသောလူမျိုးဖြစ်သောကြောင့် ၎င်းသည်ပဋိညာဉ်အမည်ဖြစ်သည်။
>
> **ဒေါက်တာ David Talley**

ဘုရားသခင်၏နာမတော်များတွင် ကွဲလွဲမှုများအပြင်၊ "ကူးယူထားသောမှတ်တမ်းများ" ဟု ဝေဖန်ပိုင်းခြားသောပညာရှင်အများခေါ်သည့်အရာကို အာရုံစိုက်ခြင်းဖြင့် ပညတ္တိကျမ်းငါးကျမ်း၏ ကျမ်းရေးသူဆိုင်ရာ ၎င်းတို့၏အမြင်များကို ထောက်ခံခဲ့ကြသည်။

## ကူးယူထားသောမှတ်တမ်းများ

ပညတ္တိကျမ်းငါးကျမ်းထဲမှ စာပိုဒ်အများသည် တစ်ခုနှင့်တစ်ခု ဆင်တူနေသည်ကိုမြင်ရန်မခက်ပါ။ သို့သော် ဤကျမ်းပိုဒ်များသည် မတူညီသောလူအုပ်စုများကြားတွင် မတူညီသော နှုတ်ဓလေ့များထင်ဟပ်နေပြီး၊ အဆိုပါမှတ်တမ်းများကို ပညတ္တိကျမ်းငါးကျမ်းတွင်ရေးမှတ်ထားသည့် လုပ်ငန်းစဉ်များထင်ဟပ်သည်ဟု ဝေဖန်သောအနက်ပြန်သူများသည် စောဒကတက်ကြသည်။

ဥပမာ၊ ကမ္ဘာဦး ၁:၁–၂:၃ နှင့် ကမ္ဘာဦး ၂:၄-၂၅ တွင် "ဖန်ဆင်းခြင်းမှတ်တမ်းနှစ်ခု" ဟုခေါ်သည့်အရာကို အနက်ပြန်သူများသည် မကြာခဏ ထောက်ပြလေ့ရှိသည်။ ကမ္ဘာဦး ၁၂:၁၀-၂၀၊ ၂၀:၁-၁၈ နှင့် ၂၆:၇-၁၁ တွင် လိမ်လည်ပြီး ဇနီးများကို အန္တရာယ်ဖြစ်စေသော အာဗြဟံနှင့် ဣဇာက်တို့၏ တူညီသောမှတ်တမ်းများကိုလည်း ထောက်ပြထားသည်။ ရိုးရာအစဉ်အလာဂျူးနှင့် ခရစ်ယာန်အနက်ပြန်နှစ်ဦးစလုံးသည် ဤဆင်တူမှုများကို ကျိုးကြောင်းဆီလျော်စွာ ရှင်းပြကြသည်။ သို့သော် ဤမှတ်တမ်းများသည် ရေးမှတ်ပြီးနောက်ပိုင်း ပညတ္တိကျမ်းငါးကျမ်းတွင်ထည့်သွင်းပေါင်းစပ်ထားသော မတူညီသောနှုတ်ဓလေ့များကို ကိုယ်စားပြုကြောင်း ဝေဖန်ပိုင်းခြားသောပညာရှင်များသည် ဆက်လက်ခံယူထားသည်။

တတိယနေရာတွင်၊ ဝေဖန်ပိုင်းခြားသောပညာရှင်များသည် ပညတ္တိကျမ်းငါးကျမ်းတွင်ရှေ့နောက်မညီညွတ်မှုများကို ထောက်ပြကြသည်။ ထို့ပြင် ဤရှေ့နောက်မညီညွတ်မှုများဟုခေါ်သည့် သမ္မာကျမ်းစာ၏ဤအပိုင်းသည် သမ္မာကျမ်းစာ၏ကျမ်းရေးသူဆိုင်ရာ သူတို့၏ရှုပ်ထွေးသောပြန်လည်ဖော်ထုတ်မှုများကို ထောက်ခံသည်ဟု ဆိုကြသည်။

## ရှေ့နောက်မညီညွတ်မှုများ

ဥပမာ၊ ထွက်မြောက်ရာ ၁၂:၁-၂၀ နှင့် တရားဟောရာ ၁၆:၁-၈ တွင်တွေ့ရသော ပသခါပွဲအတွက် စည်းမျဉ်းများကြား ခြားနားချက်များကို မကြာခဏ သတိပြုမိကြသည်။ ထွက်မြောက်ရာ ၂၀:၁-၁၇ နှင့် တရားဟောရာ ၅:၆-၂၁ တွင် ပညတ်တော်ဆယ်ပါးအကြား ကွဲပြားမှုများကို သူတို့ထောက်ပြသည်။ တစ်ဖန်၊ ရိုးရာအစဉ်အလာဂျူးနှင့် ခရစ်ယာန်အနက်ပြန်များသည် ၎င်းတို့နှင့် အခြားကွဲပြားမှုများကို မည်သို့ပြန်လည်သင့်မြတ်နိုင်သည်ကို ပြသခဲ့ကြသည်။ သို့သော် ဝေဖန်ပိုင်းခြားသောအနက်ပြန်သူများသည် ၎င်းတို့ကို ယနေ့ကျွန်ုပ်တို့ရရှိထားသည့်အတိုင်း ပညတ္တိကျမ်းငါးကျမ်းတွင် ပေါင်းစပ်ထားသည့် ရှည်လျားရှုပ်ထွေးသောနှုတ်ဓလေ့များနှင့် ရေးထားသောအရင်းအမြစ်များကိုထင်ဟပ်ခြင်းဖြစ်သည်ဟု မြင်ကြသည်။

> အထူးသဖြင့် သမ္မာကျမ်းစာနှင့် ပညတ္တိကျမ်းငါးကျမ်းကိုဖတ်သောအခါ၊ စာပေအမျိုးအစားများစွာကို သင်သည် ရင်ဆိုင်တွေ့ကြုံရပေမည်။ ဥပမာ၊ တခါတရံ အကြောင်းအရာများကို သင်ဖတ်သောအခါ၊ ကမ္ဘာဦးကျမ်း ၁:၁–၂:၃ စတင်သောအခါတွင်…ကျွန်ုပ်တို့သည် ခုနစ်ရက်အတွင်း အထူးအမိန့်တော်ဖြင့် ဖန်ဆင်းနေသည့် ဘုရားသခင်၏ပုံရိပ်ကိုတွေ့မြင်ရသည်။ ဘုရားသခင်သည် သူ၏နှုတ်တော်ထွက်စကားဖြင့် ဖန်ဆင်းပြီး၊ ၎င်းသည် ဘုရားသခင်သည် တန်ခိုးကြီးသူ၊ ဘုရားသခင်သည် ဖန်ဆင်းရှင်ဖြစ်ပြီး၊ ဘုရားသခင်သည် သူ၏ ပုံသဏ္ဍာန်နှင့်အညီလူသားများကို ဖန်ဆင်းကြောင်း အစွမ်းထက်မြက်သော ဖော်ပြချက်ဖြစ်သည်။ ထို့ပြင် နောက်အခန်းကြီး ၂:၄-၂၅ တွင်၊ တစ်မျိုးပြီးတစ်မျိုး ဖန်ဆင်းသည့် အခြားဇာတ်လမ်းတစ်ခု ရှိနေသည်။ ထိုအရာကိုကြည့်သောအခါ၊ အချို့သောသူတို့သည် ဆန့်ကျင်ဘက်များကို မြင်ကြလိမ့်မည်၊ အကြောင်းမှာ ဘုရားသခင်ကို ထာဝရအရှင်ဘုရားသခင်ဟု ခေါ်ဝေါ်သည်ကို တွေ့ရသည်။ အရာဝတ္ထုများကိုတည်ရှိရန်သာမိန့်တော်မူသော ဘုရားသခင်ဖြစ်မည့်အစား၊ အမှန်တကယ်ဆင်းသက်လာသည့်ဘုရားသခင် ကျွန်ုပ်တို့တွင်ရှိသည်။ သူသည်လူများကို ဖန်ဆင်းတော်မူသည်။ သူသည် ပထမလူသားကို မြေမှုန့်ထဲမှ ဖန်ဆင်းသည်ဟုဆိုသည်။ ထို့နောက် ပထမလူမိန်းမကို လူယောက်ျားထဲမှ ထုတ်ယူဖန်ဆင်းသည်။ ထို့ကြောင့်၊ ဘုရားသခင်သည် ဤသို့ မမြင်နိုင်သော ဖန်ဆင်းရှင် ဘုရားသခင် ဖြစ်မည့်အစား၊ လူသားဆန်စွာ/လူသားကဲ့သို့ အဆင့်နှိမ့်ဆင်းလျက်ဘုရားသခင်သည်သူ၏လက်တော်ဖြင့်အရာများကိုဖန်ဆင်းနေသည်ကို သင်မြင် ပါသလား…သို့သော် ဆန့်ကျင်ဘက်မဟုတ်ဘဲ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အပြန်အလှန်ဖြည့်စွက်ပေးသည့် အခြားဇာတ်လမ်းတစ်ပုဒ်ရှိခြင်းအား ဖြင့်...နောက်တဖန်၊ ကျွန်ုပ်တို့သည် အမှန်တကယ် ဆန့်ကျင်မှုများ ရှိမရှိကို အစဉ်သတိရရန်လိုသည်၊ ရှေးလူများ သည် ဤအရာများကို မမြင်ကြဟု ကျွန်ုပ်တို့ အမှန်တကယ် ထင်နေပါသလား။ ဆိုလိုသည်မှာ၊ ၎င်းသည် အဓိကအချက်ဖြစ်သည်။ သူတို့သည်လူညံ့များ မဟုတ်ကြပါ။ မတူညီသောအချိန်၊ မတူညီသောယဉ်ကျေးမှုတစ်ခုဖြစ် သော်လည်း ၎င်းတို့တွင် ဦးနှောက်ရှိနေဆဲဖြစ်ပြီး ၎င်းတို့၏ဉာဏ်ပညာဖြင့် ဤအရာများကို ထိန်းသိမ်းထားကြသည်။ ဒုတိယဇာတ်လမ်းသည် ကျွန်ုပ်တို့အား ပို၍လက်တွေ့ကျသော ဘုရားသခင်ကို ပေးပါသည်။ ၎င်းကို ဓမ္မပညာတွင် တည်မြဲသည့် ဘုရားသခင်၊ ဖန်ဆင်းခြင်းသို့ ကြွလာတော်မူသော ဘုရားသခင်ဟု ကျွန်ုပ်တို့ ခေါ်ဝေါ်ကြသည်... ထို့ပြင် သမ္မာကျမ်းစာကို သစ္စာရှိစွာဖတ်ရှုခြင်း၏ နည်းလမ်းသည် သံသယစိတ်ဖြင့်ဖတ်ခြင်းမဟုတ်ဘဲ အဆုံးစွန်နားလည်သဘော ပေါက်ရန် ဖတ်ရှုခြင်းဖြစ်သည်ဟု ထင်ပါသည်။ သင်သိပါသည်၊ ကျွန်ုပ်၌ မေးခွန်းများရှိနိုင်သော်လည်း ၎င်းသည် ယုံကြည်ခြင်းကိုရှာသော နားလည်မှု တစ်ခုဖြစ်ပြီး၊ နောက်ဆုံး၌ သမ္မာကျမ်းစာတွင်ပါသောအရာသည် ဘုရားသခင် ဖြစ်ချင်သည့်အရာဖြစ်သည်ဟု ကျွန်ုပ်ယုံကြည်သည်၊ စာဖတ်သူတစ်ယောက် အနေနှင့် ကျွန်ုပ်၏အလုပ်သည် ၎င်းကိုဂရုတစိုက်နားထောင်ရန်ဖြစ်ပြီး၊ အထူးသဖြင့် ကျွန်ုပ်အား အနှောက်အယှက်ဖြစ်စေနိုင်သော နေရာများတွင်၊ တစ်ခါတစ်ရံတွင် ဤမတူညီသော အရာနှစ်ခုကို ယှဉ်တွဲ၍ခိုင်းနှိုင်းခြင်းဖြင့် ဘုရားသခင် အမှန်တကယ်ပြောနေသည့်အရာကို ကြိုးစားမြင်ရန် ဖြစ်သည်။ သို့သော် မတူညီသည့် နေရာများ၊ မတူညီသည့် အချိန်များတွင် ထိုမတူညီသော ပုံစံနှစ်ခုသည် အခြားအချိန်များထက် တစ်ချိန်ချိန်တွင် ပို၍အဓိပ္ပါယ်ရှိစွာ ပြောဆိုနိုင်သောကြောင့် ထိုအတွက် ကျေးဇူးတင်သင့်ပါသည်။

**ဒေါက်တာ Brian D. Russell**

ယခု ကျွန်ုပ်တို့သည် ကြိုတင်ယူဆချက်များနှင့် ကျမ်းရေးသူဆိုင်ရာ အမြင်များနှင့်ပတ်သက်၍ ခေတ်သစ်ဝေဖန်ပိုင်းခြားချဉ်းကပ်မှုများကို ကြည့်ရှုခဲ့ပြီးနောက်၊ ပညတ္တိကျမ်းငါးကျမ်းကိုလေ့လာရာ၌ ဝေဖန်ပိုင်းခြားသောပညာရှင်များလိုက်နာခဲ့သော အဓိကအဓိပ္ပာယ်ဖွင့်ဆိုခြင်းနည်းဗျူဟာအချို့ကို သုံးသပ်ကြပါမည်။

# အဓိပ္ပာယ်ဖွင့်ဆိုခြင်းနည်းဗျူဟာများ

ဤအကြောင်းအရာများကို အကျဉ်းချုပ်ရန် နည်းလမ်းများစွာရှိသော်လည်း၊ ခေတ်သစ်ဝေဖန် ပိုင်းခြားသောပညာရှင်များ၏ အဓိကအဓိပ္ပာယ်ဖွင့်ဆိုခြင်းနည်းဗျူဟာငါးခုကို ဆွေးနွေးပါမည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အရင်းအမြစ်ဆိုင်ရာဝေဖန်မှုများမှစတင်၍ သူတို့ ဖော်ထုတ်ခဲ့သည့်အစီအစဉ်အတိုင်း ဤဗျူဟာများကို ထည့်သွင်းစဉ်းစားမည်။

## အရင်းအမြစ်ဆိုင်ရာဝေဖန်မှု

အရင်းအမြစ်ဆိုင်ရာဝေဖန်မှု (သို့) "စာပေဆိုင်ရာဝေဖန်မှု" သည် ၁၈၆၆ ခုနှစ်တွင်ထုတ်ဝေသော K. H.Graf ၏ The Historical Books of the Old Testament ရေးသားမှုမှ စတင်ခဲ့သည်။ ၎င်းကို ၁၈၈၃ ခုနှစ်တွင်ထုတ်ဝေသော ထင်ရှားသောအနက်ပြန်သူ Julius Wellhausen ၏ Prolegomena to the History of Israel တွင်ပြန်လည်ဖော်ထုတ်ခဲ့သည်။

ပဉ္စတ္တိကျမ်းငါးကျမ်းသည် အခြားရှေးဟောင်းဘာသာရေး အရေးအသားများကဲ့သို့ပင် နှုတ်ဓလေ့များမှ ပေါက်ဖွားလာသည်ဟု အရင်းအမြစ်ဆိုင်ရာဝေဖန်သူများယုံကြည်ကြသည်။ သို့သော် သူတို့သည် ဣသရေလ၏ ဘုရင်စနစ်အုပ်ချုပ်ရာကာလတွင် ပေါ်ပေါက်လာသည့် အမှီအခိုကင်းစွာ ရေးသားထားသော သတင်းရင်းမြစ်များမှ ထွက်လာသည်ဟုယုံကြည်ရသော ပဉ္စတ္တိကျမ်းငါးကျမ်း၏ အစိတ်အပိုင်းများကို ဖော်ထုတ်ခြင်းနှင့် အနက်ပြန်ဆိုခြင်းအပေါ် အာရုံစိုက်ခဲ့ကြသည်။

Wellhausen ၏အသုံးအနှုန်းများအတိုင်း၊ ဘုရင်စနစ်အစောပိုင်းကာလတွင်ရေးသားခဲ့သော ပဉ္စတ္တိကျမ်းငါးကျမ်း၏အစောဆုံးမှတ်တမ်းအရင်းအမြစ်ဖြစ်သော Wellhausen သည် ပုံမှန်အားဖြင့် Yahwist အတွက် "J" ဟုမှတ်ယူသည်။ ဤရေးသားထားသောရင်းမြစ်ဖြင့်ဖော်ပြထားသော ကျမ်းပိုဒ်များ တွင် ဘုရားသခင်အတွက်ထင်ရှားသောနာမတော်သည် "Yahweh" ဖြစ်သည် — ဂျာမန်ဘာသာ "J" ဖြင့် စာလုံးပေါင်းသောကြောင့် အင်္ဂလိပ်တွင် "Jehovah" ဟူသောအမည်ကို စာလုံးပေါင်းခြင်းကဲ့သို့ပင်ဖြစ်ပါသည်။ "J" ကျမ်းပိုဒ်များသည် ကမ္ဘာဦးကျမ်းနှင့် ထွက်မြောက်ရာကျမ်းများတွင် ပြန့်နေပါသည်။ ပဉ္စတ္တိကျမ်းငါးကျမ်း၏အစိတ်အပိုင်းများကို ရှောလမုန်မင်းလက်ထက် ဘီစီ ၉၅၀ ဝန်းကျင်တွင် ယုဒပြည်တွင် ရေးသားခဲ့သည်ဟု အရင်းအမြစ်ဝေဖန်သူများ စောဒကတက်ခဲ့ကြသည်။ ဤအမြင်တွင်၊ "J" ကျမ်းပိုဒ်များသည် ဂျေရုဆလင်ရှိ ဒါဝိဒ်မင်းဆက်မှ ဣသရေလဘာသာနှင့် လူ့အဖွဲ့အစည်း၏ ဗဟိုချုပ်ကိုင်မှုနှင့် စည်းမျဉ်းများကို ထောက်ခံအားပေးသည့် ရှေးကာလအကြောင်းပြောပြသော စာရွက်စာတမ်းကို ကိုယ်စားပြုသည်။

ပဉ္စတ္တိကျမ်းငါးကျမ်း၏ဒုတိယရေးထားသောရင်းမြစ်ကို Elohist အတွက် "E" ဟု မှတ်ယူထားပြီး၊ အကြောင်းမှာ ဤကျမ်းပိုဒ်များတွင် ဘုရားသခင်အားပုံမှန်အားဖြင့်  Elohim ဟုခေါ်သည်။ "E" အကြောင်းအရာများသည်လည်း ကမ္ဘာဦးကျမ်းနှင့် ထွက်မြောက်ရာကျမ်းများတွင် တွေ့ရသည်။ ဤသီအိုရီအရ၊ "E" အရင်းအမြစ်များကို ဘီစီ ၈၅၀ ခန့်တွင် ဣသရေလနိုင်ငံနှစ်ပိုင်းခွဲပြီးနောက်၊ မြောက်ပိုင်း၌ ရေးသားခဲ့သည်။  "E" စာသားများသည် မြောက်ပိုင်းကိုမြှင့်တင်ပေးကာ၊ ဒါဝိဒ်မင်းဆက်ကို ဝေဖန်သည့် ပရောဖက်ပြုချက်ဆိုင်ရာ အမြင်များဖြစ်သည်။

တတိယစာပေဆိုင်ရာအရင်းအမြစ်ကို "D" သို့မဟုတ် တရားဟောရာကျမ်းဟု ခေါ်သည်။ "D" အကြောင်းအရာများသည် တရားဟောရာကျမ်းတွင် အဓိကအားဖြင့်တွေ့ရပြီး ပဉ္စတ္တိကျမ်းငါးကျမ်း၏ အခြားအစိတ်အပိုင်းများတွင် ရံဖန်ရံခါမှသာတွေ့ရသောကြောင့် ဤအမည်ကို ပေးရခြင်းဖြစ်သည်။ ဤအကြောင်းအရာသည် ဘီစီ ၆၂၂ ခန့်တွင် Josiah ၏ပြုပြင်ပြောင်းလဲမှုများနှင့် ဘီစီ ၅၈၆ တွင် ဗာဗုလုန်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

လက်ထဲယေရှုရှလင်မြို့ ကျရောက်ခဲ့ချိန်ကြား ရက်စွဲပါရှိသည်။ ဘုံအယူအဆတစ်ခုတွင်၊ “D” သည် ဤလသရေလမြောက်ပိုင်းမှ ယုဒပြည်သို့ ကူးပြောင်းလာသော လေဝိသားများ၏လုပ်ငန်းကို ကိုယ်စား ပြုသည်။ ဤလေဝိသားတို့သည် ဒါဝိဒ်၏မျိုးဆက်ကို သစ္စာစောင့်သိသော်လည်း၊ ၎င်းကိုပြစ်တင် ဝေဖန်ကြသည်။

နောက်ဆုံးတွင်၊ ပညတ္တိကျမ်းငါးကျမ်း၏ဖွံ့ဖြိုးတိုးတက်မှုတွင် စတုတ္ထမြောက် အဓိကစာပေ ဆိုင်ရာအရင်းအမြစ်ကို ပုံမှန်အားဖြင့် "P" ဟုခေါ်သည်၊ ယဇ်ပုရောဟိတ်ဆိုင်ရာကျမ်းရေးသူ သို့မဟုတ် ကျမ်းရေးသူများကိုရည်ညွှန်းသည်။ ဘုံပြန်လည်ဖော်ထုတ်မှုတစ်ခုတွင်၊ “P” သည် ဘီစီ ၅၀၀ မှ ၄၀၀ အတွင်း ပညတ္တိကျမ်းငါးကျမ်း၏အခြားအပိုင်းများနှင့် ဝတ်ပြုရာကျမ်းကိုရေးစပ်ပြီး ပြုစုတည်းဖြတ်ခဲ့ သော ယဇ်ပုရောဟိတ်အဖွဲ့တစ်ဖွဲ့ဖြစ်သည်။ ဤပြန်လည်ဖော်ထုတ်မှုအရ၊ "P" သည် ဣသရေလ အကြွင်းအကျန်များ ပြည်နှင်ဒဏ်ခံရာမှပြန်လာပြီးနောက် ပညတ္တိကျမ်းငါးကျမ်းကို လူမှုရေးစည်း မျဉ်းစည်းကမ်းနှင့် ဝတ်ပြုကိုးကွယ်ရန်အတွက် ပုံစံထုတ်ခဲ့သည်။

ယခု နှစ်ဆယ်ရာစုအတွင်း အရည်အချင်းရှိသော ပညာရှင်များသည် အရင်းအမြစ်ဆိုင်ရာ ဝေဖန်မှု၏ ရှုထောင့်ကိုစိန်ခေါ်မှုမရှိဘဲ ချန်ထားခဲ့ကြသည်။ သို့တိုင်၊ ပညတ္တိကျမ်းငါးကျမ်းနှင့်ပတ်သက် သည့် ဝေဖန်သုံးသပ်ချက်တိုင်းနီးပါးတွင် ဤအမြင်များ၏ အငွေ့အသက်များ ပေါ်လာဆဲဖြစ်သည်။

## ပုံစံဆိုင်ရာဝေဖန်မှု

ပညတ္တိကျမ်းငါးကျမ်းဆီသို့ ဝေဖန်ပိုင်းခြားချဉ်းကပ်မှုများ၏ ဒုတိယအဓိကဗျူဟာကို "ပုံစံ ဆိုင်ရာဝေဖန်မှု" ဟု မှတ်ယူထားသည်။

ပုံစံဆိုင်ရာဝေဖန်မှုသည် ၁၉၀၁ ခုနှစ်တွင်၊ ဓမ္မဟောင်းကျမ်းလေ့လာမှု၏ အထူးပြုနယ်ပယ် အဖြစ် Hermann Gunkel ရေးသားခဲ့သော The Legends of Genesis တွင်စတင်ခဲ့သည်။ Gunkel နှင့် သူ့နောက်လိုက်သူများသည် အရင်းအမြစ်ဆိုင်ရာဝေဖန်မှုများ၏ အဓိကသဘောတရားများကို လက်ခံ ခဲ့ကြသော်လည်း၊ သူတို့သည် ပညတ္တိကျမ်းငါးကျမ်း၏ အစောပိုင်း ဖွံ့ဖြိုးတိုးတက်မှုအပိုင်းကို အာရုံစိုက် ခဲ့ကြသည်။ ပညတ္တိကျမ်းငါးကျမ်း၏ ရေးသားထားသော သတင်းရင်းမြစ်များကို အာရုံစိုက်မည့်အစား၊ ပုံစံဝေဖန်သူများသည် ဣသရေလဘုရင်များခေတ်ကို ကြိုတင်မှန်းဆခဲ့သော နှုတ်ဓလေ့များဟု ယူဆ ရသည့်အရာကို အာရုံစိုက်ခဲ့ကြသည်။

ပုံစံဆိုင်ရာဝေဖန်မှုများ ရေပန်းစားလာချိန်တွင်၊ ပညာရှင်များသည် စာမတတ်သောလူမျိုးစု ယဉ်ကျေးမှုတွင် နှုတ်ဓလေ့များ၏လုပ်ဆောင်ပုံကို သတိပြုမိကြသည်။ ပုံစံဝေဖန်သူများသည် ပညတ္တိ ကျမ်းငါးကျမ်း၏ မှတ်တမ်းဆိုင်ရာအရင်းအမြစ်များဆီသို့ ဦးတည်စေသည့် စစ်မှန်သော၊ စွမ်းအားရှိ သော၊ စာပေမတိုင်မီ ထုံးတမ်းစဉ်လာများကိုရှာဖွေစဉ်တွင် ဤလေ့လာမှုများကို ကျင့်သုံးခဲ့သည်။

ပုံစံဆိုင်ရာဝေဖန်မှုနည်းလမ်းသည် အခြေခံအားဖြင့် နှစ်ပိုင်းရှိသည်_ တစ်ဖက်တွင်၊ ပုံစံဝေဖန်သူ များသည် ဒဏ္ဍာရီများ၊ ရိုးရာပုံပြင်များ၊ စွန့်စားခန်းများ၊ အချစ်ဇာတ်လမ်းများ၊ သူရဲကောင်းများနှင့် ပုံ ဥပမာများကဲ့သို့ ရှေးဟောင်း နှုတ်ပုံစံများ သို့မဟုတ် အမျိုးအစားများကို ရှာဖွေတွေ့ရှိရန် ကျမ်းပိုဒ်များ ကို ခွဲခြမ်းစိတ်ဖြာကြသည်။ အခြားတစ်ဖက်တွင်၊ ၎င်းတို့သည် ဤနှုတ်ဓလေ့များ၏ “ဘဝအခြေအနေ များ” သို့မဟုတ် “Sitze im Leben” ဟုခေါ်သောယဉ်ကျေးမှုဆိုင်ရာ အကြောင်းအရာများနှင့် ဆက်စပ်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

လျက်ရှိသည်။ ဤအကြောင်းအရာများတွင် ဝတ်ပြုကိုးကွယ်မှု၊ လူမျိုးစုစခန်းချမှုများ၊ မိသားစုဆိုင်ရာ ညွှန်ကြားချက်များ၊ ဒေသဆိုင်ရာတရားစီရင်ခြင်းများနှင့် အခြားအရာများ ပါဝင်သည်။

ဥပမာ၊ ကမ္ဘာဦး ၃၂:၂၂-၃၂ တွင် ပေနွေလအရပ်၌ ယာကုပ်၏နပန်းသတ်ခြင်းမှတ်တမ်းကို ပုံစံဝေဖန်သူများသည် ရှေးလူမျိုးစု၏မီးပုံပတ်လည်တွင် ပြောခဲ့သောပုံပြင်အဖြစ် သဘောထားကြသည်။ ၎င်းသည် အစကနဦးတွင် Jabbok မြစ်ကမ်းစပ်ရှိ သဘာဝလွန်မျော်ဆန်သည့် အဖြစ်အပျက်များနှင့် ပတ်သက်သောပုံပြင်များမှ ပေါ်ပေါက်လာသည်ဟု ၎င်းတို့စောဒကတက်ခဲ့ကြသည်။ ဤပြန်လည်ဖော်ထုတ်ခြင်းတွင်၊ ဇာတ်လမ်းသည် ယာကုပ်ဟု သိကြသော လူမျိုးစု၏စံပြပုဂ္ဂိုလ်နှင့် နောက်ပိုင်းမှသာ ဆက်နွယ်ခဲ့သည်။

သေချာစေရန်၊ ပုံစံဆိုင်ရာဝေဖန်မှုသည် ဖွဲ့စည်းတည်ဆောက်ပုံများနှင့် သမ္မာကျမ်းစာအင်္ဂါရပ်များ၏ အရေးပါမှုကို မှန်ကန်စွာအလေးပေးဖော်ပြသည်။ သို့သော် အရင်းအမြစ်ဆိုင်ရာဝေဖန်မှုကဲ့သို့ပင်၊ ပုံစံဆိုင်ရာဝေဖန်မှုသည်လည်း နည်းအမျိုးမျိုးဖြင့် စိန်ခေါ် ခံရသည်။ ပုံစံဆိုင်ရာဝေဖန်မှုအတွက် စိန်ခေါ်ချက်များသည် အထူးသဖြင့် ၎င်း၏မှန်းဆထားသော နှုတ်ပုံစံများနှင့် သမ္မာကျမ်းစာကျမ်းပိုဒ်များ၏ နောက်ကွယ်ရှိ အခြေအနေများကို ပြန်လည်ဖော်ထုတ်ခြင်းအပေါ် အာရုံစိုက်သည်။ မည်သို့ပင်ဆိုစေကာမူ၊ သမ္မာကျမ်းစာကျမ်းဂန်တွင် ပါရှိသည့်အတိုင်း ပညတ္တိကျမ်းငါးကျမ်းထက်၊ ယနေ့တိုင် ပုံစံဆိုင်ရာဝေဖန်မှုသည် ဝေဖန်ရေးပညာရှင်များစွာအား မေးခွန်းထုတ်နိုင်သော ပြန်လည်ဖော်ထုတ်မှုများဆီသို့ ပြောင်းလဲသွားစေသည်ကို ကျွန်ုပ်တို့တွေ့ရှိနေရဆဲဖြစ်သည်။

## အစဉ်အလာဆိုင်ရာဝေဖန်မှု

ပညတ္တိကျမ်းငါးကျမ်းကို ဝေဖန်ပိုင်းခြားသောပညာရှင်များ အဓိပ္ပာယ်ဖွင့်ဆိုကြသည့် တတိယမြောက် အဓိကနည်းလမ်းကို အစဉ်အလာဆိုင်ရာဝေဖန်မှု သို့မဟုတ် အစဉ်အလာ-သမိုင်းဆိုင်ရာဝေဖန်မှုဟု ခေါ်ဆိုလေ့ရှိသည်။

အရင်းအမြစ်နှင့် ပုံစံဆိုင်ရာဝေဖန်မှု၏ ကောက်ချက်ချမှုအပေါ် အခြေခံ၍၊ အစဉ်အလာဆိုင်ရာဝေဖန်သူများသည် ရှေးကမ္ဘာဦး နှုတ်ဓလေ့များနှင့် ရေးထားသောစာများသည် ရှုပ်ထွေးသောဓမ္မပညာဆိုင်ရာနှင့် နိုင်ငံရေးအမြင်များအဖြစ်သို့ ဖြစ်ပေါ်လာပုံကို အာရုံစိုက်ခဲ့ကြသည်။ ၁၉၄၈ တွင်ထုတ်ဝေသော Martin Noth ၏ A History of Pentateuchal Traditions နှင့် ၁၉၅၇ ခုနှစ်တွင်ထုတ်ဝေသော Gerhard von Rad ၏ Theology of the Old Testament တို့သည်၊ ပညတ္တိကျမ်းငါးကျမ်းသည် အမျိုးမျိုးသောထုံးတမ်းစဉ်လာများ၏လွှမ်းမိုးမှုကို မည်သို့ထင်ဟပ်သနည်းဟု မေးမြန်းခဲ့သည်။

အခြားအရာများထဲတွင်၊ အစဉ်အလာဆိုင်ရာဝေဖန်သူများသည် ပညတ္တိကျမ်းငါးကျမ်းတွင် တွေ့ရှိရသော ပြိုင်ဆိုင်သောဓမ္မပညာဆိုင်ရာယုံကြည်မှုအစုအဝေးများဖြစ်ရန် သူတို့ယုံကြည်သည်ကို ဖော်ထုတ်ခဲ့သည်။ ပညတ္တိကျမ်းငါးကျမ်းသည် ဖန်ဆင်းခြင်း၊ ဘိုးဘေးများ၊ အီဂျစ်ပြည်မှ ထွက်ခွာမှုနှင့် ကတိထားရာပြည်ကို သိမ်းပိုက်ခြင်းကဲ့သို့သော အကြောင်းအရာဆိုင်ရာ မတူကွဲပြားသော ဓလေ့ထုံးတမ်းများကို ထင်ဟပ်ပြခဲ့သည်ကို သူတို့မှတ်သားခဲ့ကြသည်။ သူတို့သည် ဣသရေလအမျိုးအနွယ်များ၊ ဒါဝိဒ်၏ရာဇပလ္လင်နှင့် ယေရုရှလင်ဗိမာန်တော်တို့နှင့်ပတ်သက်သည့် အမြင်များကိုလည်း အနည်းငယ်မျှသာဖော်ပြရန် စူးစမ်းလေ့လာခဲ့ကြသည်။ ထို့ပြင် ၎င်းတို့သည် ရှုပ်ထွေးနက်နဲလှသော ဓမ္မပညာလမ်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကြောင်းများသည် ပညတ္တိကျမ်းငါးကျမ်းတွင်ပါရှိသော အဓိကအကြောင်းအရာများစွာကို နက်ရှိုင်းစွာ လွှမ်းမိုးခဲ့သည်ဟု ယုံကြည်ကြသည်။

တစ်ဖန်၊ အစဉ်အလာဆိုင်ရာဝေဖန်မှု၏ တိကျသောကောက်ချက်ချခြင်းအများစုကို ခုနှစ်များ တစ်လျှောက် မေးခွန်းထုတ်ခဲ့သည်။ သို့တိုင်၊ ဓမ္မဟောင်းကျမ်းအနက်ပြန်သူများသည် ဣသရေလတို့တွင် ရှိသော ဓလေ့ထုံးတမ်းအမျိုးမျိုးကို ထင်ဟပ်စေသော ကျမ်းပိုဒ်များအကြောင်း ပြောဆိုသောအခါတွင် ဤချဉ်းကပ်မှု၏ အငွေ့အသက်များကို ကျွန်ုပ်တို့တွေ့မြင်နိုင်သည်။

## တည်းဖြတ်ခြင်းဆိုင်ရာဝေဖန်မှု

ပညတ္တိကျမ်းငါးကျမ်း၏ ဖွံ့ဖြိုးတိုးတက်မှုကို ဝေဖန်ပိုင်းခြားသော အနက်ပြန်သူများချဉ်းကပ်ခဲ့ သော စတုတ္ထမြောက် အဓိကနည်းလမ်းကို တည်းဖြတ်ခြင်းဆိုင်ရာဝေဖန်မှုဟုခေါ်သည်။ "တည်းဖြတ် ခြင်း" ဟူသော စကားလုံးဖော်ပြသည့်အတိုင်း၊ ဤနည်းဗျူဟာသည် ယနေ့ကျွန်ုပ်တို့သိထားသည့်အတိုင်း ပညတ္တိကျမ်းငါးကျမ်းတွင် တွေးခေါ်မှုဆိုင်ရာ သက်သေခံအထောက်အထားများကို အတူတကွတည်း ဖြတ်ခြင်းအပေါ် အာရုံစိုက်ထားသည်။

တည်းဖြတ်ခြင်းဆိုင်ရာဝေဖန်မှုသည် ဓမ္မသစ်ကျမ်းလေ့လာမှုများတွင် ခရစ်ဝင်ကျမ်းများကြား ခြားနားချက်များကို ရှင်းပြသည့်နည်းလမ်းအဖြစ် နှစ်ဆယ်ရာစုတွင် စတင်ခဲ့သည်။ တည်းဖြတ်ခြင်း ဆိုင်ရာဝေဖန်သူများသည် အဆိုပါကွဲလွဲချက်များသည် ယခင်ရေးခဲ့သော မှတ်တမ်းများကို တည်းဖြတ် ခြင်းနှင့် ပြန်လည်ပုံဖော်ခြင်းမှ ထွက်ပေါ်လာသည်ဟု ယုံကြည်ကြသည်။

အလားတူနည်းပညာများကိုပညတ္တိကျမ်းငါးကျမ်း တွင်အသုံးပြုခဲ့သည်။ "J"၊ "E" နှင့် "D" ကဲ့သို့ သော အစောပိုင်းရေးသားထားသော သတင်းရင်းမြစ်များကို မတူညီသော တည်းဖြတ်သူများသည် မည်သို့ရယူကြောင်း ရှင်းပြပြီး ပညတ္တိကျမ်းငါးကျမ်း၏ နောက်ဆုံးပုံသဏ္ဌာန်သို့ မရောက်ရှိမချင်း ၎င်းတို့ ကို အတူတကွ ပေါင်းစည်းရန် ကြိုးပမ်းခဲ့သည်။ ဤချဉ်းကပ်မှုသည် "P" ၏နှောင်းပိုင်းအယ်ဒီတာ၏ လုပ်ဆောင်မှုအပေါ် အထူးအာရုံစိုက်ထားသည်။

ယနေ့ သမ္မာကျမ်းစာတွင်တွေ့ရသည့်၊ ကမ္ဘာဦးကျမ်းမှ တရားဟောရာကျမ်းထိ အာရုံစူးစိုက်မှု ရယူနိုင်ခြင်းသည် တည်းဖြတ်ခြင်းဆိုင်ရာဝေဖန်မှု၏အားသာချက် ဖြစ်သည်။ သို့သော် အရင်းအမြစ်၊ ပုံစံနှင့် အစဉ်အလာဆိုင်ရာဝေဖန်မှု၏ ကောက်ချက်ချမှုဖြင့် တည်းဖြတ်ခြင်းဆိုင်ရာဝေဖန်မှု လုံးဝပျက် ပြားသွားခြင်းမရှိပါ။

## မျက်မှောက်ခေတ်ဝေဖန်မှု

ဤအချိန်တွင်၊ ကျွန်ုပ်တို့သည် မျက်မှောက်ခေတ်ဝေဖန်မှုကို ဖော်ပြသည့် သဘောထားအချို့ သို့မဟုတ် ပညတ္တိကျမ်းငါးကျမ်းအတွက် လက်ရှိဩဇာကြီးမားသော ဝေဖန်ပိုင်းခြားချဉ်းကပ်မှုများကို ဖော်ပြသင့်ပါသည်။

မကြာသေးမီ ဆယ်စုနှစ်များအတွင်း၊ ထိပ်တန်း ဝေဖန်ပိုင်းခြားအနက်ပြန်သူ အများအပြားသည် ရှေးကျသောဝေဖန်ပိုင်းခြားသည့်သမိုင်းဆိုင်ရာ ပြန်လည်ဖော်ထုတ်မှုများထက် ကျော်လွန်ရန် ကြိုးပမ်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ခဲ့ကြသည်။ ၎င်းအစား၊ သူတို့သည် ပညတ္တိကျမ်းငါးကျမ်း၏ ရိုးရာအစဉ်အလာဟေဗြဲကျမ်းစာ၏ ထူးခြားသော ဓမ္မပညာဆိုင်ရာညီညွတ်မှုနှင့် နက်နဲမှုအပေါ် အာရုံစိုက်ထားသည်။ ဤချဉ်းကပ်မှုများသည် အနည်းငယ်ကို အမည်တပ်ရန်—ပြောဆိုသုံးနှုန်းမှုများဆိုင်ရာဝေဖန်မှု၊ ကျမ်းဂန်ဆိုင်ရာဝေဖန်မှု၊ အသစ်သောစာပေဆိုင်ရာဝေဖန်မှု— စသည်ဖြင့် ကွဲပြားသောပုံစံများရှိသည်။ သို့သော် ၎င်းတို့အားလုံးသည် တရားဇရပ်နှင့် အသင်းတော်မှတဆင့် ကျွန်ုပ်တို့ထံ ပေးအပ်ထားသောကြောင့် ပညတ္တိကျမ်းငါးကျမ်းကို အနက်ပြန်ဆိုခြင်းအပေါ် အာရုံစိုက်ကြသည်။ ပညတ္တိကျမ်းငါးကျမ်း၏နောက်ဆုံးပုံစံပြုစုမှုသည် ရှေးကျသည့်ဝေဖန်ပိုင်းခြားချဉ်းကပ်မှုများထက် ပို၍အလားအလာကောင်းသည်။ သို့သော်လည်း ဤမျက်မှောက်ခေတ်နည်းလမ်းများသည် မည်သည့်အကျိုးရလဒ်များ ထွက်လာမည်ဟူသည်ကို အချိန်ကသာလျှင် ဖော်ပြပါလိမ့်မည်။

ကျွန်ုပ်တို့၏ "ပညတ္တိကျမ်းငါးကျမ်းမိတ်ဆက်" တွင် သမ္မာကျမ်းစာ၏ ဤအပိုင်းနှင့်ပတ်သက်သော ခေတ်သစ်ဝေဖန်ပိုင်းခြားချဉ်းကပ်မှုများကို ယခုအချိန်အထိအာရုံစိုက်ထားပါသည်။ ယခု ဤသင်ခန်းစာတွင် ကျွန်ုပ်တို့၏ ဒုတိယအဓိကအကြောင်းအရာကို လေ့လာသင့်သည်_ ပညတ္တိကျမ်းငါးကျမ်းနှင့်ပတ်သက်သော ခေတ်သစ်ယုံကြည်သူများ၏အမြင်များ။ ယနေ့ယုံကြည်သူများသည် သမ္မာကျမ်းစာ၏ပထမငါးစောင်ကို မည်သို့ချဉ်းကပ်ကြသနည်း။

# ခေတ်သစ်ယုံကြည်သူများ၏ချဉ်းကပ်မှုများ

ကျွန်ုပ်တို့၏ရည်ရွယ်ချက်များအတွက် ယုံကြည်သူများကို သမ္မာကျမ်းစာ၏ အခွင့်အာဏာအပြည့်အဝကို ကိုင်စွဲထားသူများအဖြစ် သတ်မှတ်ထားသည်ကို သင်မှတ်မိပါလိမ့်မည်။ ယုံကြည်သူများသည် ဤယုံကြည်ချက်ကို အမြဲတစေ တူညီသောနည်းလမ်းများဖြင့် အတိအကျ ကျင့်သုံးကြသည် မဟုတ်ပါ။ သို့သော် ကျွန်ုပ်တို့မြင်ရသကဲ့သို့၊ သမ္မာကျမ်းစာ၏ အခွင့်အာဏာကိုနာခံခြင်းသည် ပညတ္တိကျမ်းငါးကျမ်းကို ခေတ်သစ်ဝေဖန်ပိုင်းခြားသောပညာရှင်များထက် များစွာကွာခြားကာကိုင်တွယ်ရန် ယုံကြည်သူများကို လမ်းညွှန်နေသေးသည်။

ကျွန်ုပ်တို့၏အစောပိုင်းဆွေးနွေးမှုတစ်လျှောက် ပညတ္တိကျမ်းငါးကျမ်းနှင့်ပတ်သက်၍ ခေတ်သစ်ယုံကြည်သူများ၏အမြင်များကို အကျဉ်းချုပ်တင်ပြပါမည်။ ဦးစွာ၊ ကျွန်ုပ်တို့ကို လမ်းညွှန်သင့်သော အရေးကြီးသော ကြိုတင်ယူဆချက်အချို့ကို ကြည့်ပါမည်။ ဒုတိယ၊ ပညတ္တိကျမ်းငါးကျမ်း၏ကျမ်းရေးသူနှင့်ပတ်သက်၍ ယုံကြည်သူများ၏အမြင်များကို သုံးသပ်ပါမည်။ တတိယ၊ ကျွန်ုပ်တို့သည် ယုံကြည်သူများ၏အဓိပ္ပာယ်ဖွင့်ဆိုခြင်းနည်းဗျူဟာများစွာကို စစ်တမ်းကောက်ယူပါမည်။ အရေးကြီးသော ယုံကြည်သူများ၏ကြိုတင်ယူဆချက်များကို ဦးစွာကြည့်ကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ကြိုတင်ယူဆချက်များ

ဝေဖန်ပိုင်းခြားခြင်းနှင့် ယုံကြည်သူများ၏အမြင်များကို ဆန့်ကျင်သည့် ကြိုတင်ယူဆချက်နှစ်ခုတွင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်ကိုကန့်သတ်ထားပါမည်။ ဦးစွာ၊ ကျွန်ုပ်တို့သည် သဘာဝလွန်ဝါဒအပေါ် ကျွန်ုပ်တို့၏ယုံကြည်ချက်ကို ဆန်းစစ်ပါမည်။ ဒုတိယ၊ ဣသရေလ၏ယုံကြည်ခြင်းသမိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ကြိုတင်ယူဆချက်များကို ကြည့်ရှုပါမည်။ သဘာဝလွန်ဝါဒအပေါ် ကျွန်ုပ်တို့၏ယုံကြည်ချက်ကို ဦးစွာကြည့်ကြပါစို့။

## သဘာဝလွန်ဝါဒ

> "သဘာဝလွန်" သည် ကျွန်ုပ်တို့၏ ခေတ်သစ်ဘာသာစကားတစ်မျိုးဖြစ်ပြီး "သဘာဝ" နှင့် ကွဲပြားသည်၊ ဘုရားသခင်ကိုယုံကြည်ပါက အရာခပ်သိမ်းအားဖြင့် ဘုရားသခင်သည်လုပ်ဆောင်နိုင်သည်ဟု ကျွန်ုပ်တို့ယုံကြည်သည်။ သို့သော် စကော့တလန်မှ သံသယရှိသော ဒဿနပညာရှင် David Hume သည် "ကျွန်ုပ်တို့တွင် သဘာဝလွန် လုပ်ဆောင်ချက်ကို ယုံကြည်ရန် အကြောင်းမရှိပါ" ဟု ဆိုသောကြောင့် ပြဿနာတစ်ခု ဖြစ်လာခဲ့သည်။ ၎င်းသည် သမ္မာကျမ်းစာ၏ ယုံကြည်စိတ်ချရမှုကို ဆန့်ကျင်ငြင်းခုံကြသည့် အဓိကအကြောင်းရင်းများထဲမှ တစ်ခုဖြစ်သည်၊ အကြောင်းမှာ၊ သမ္မာကျမ်းစာသည် အံ့ဖွယ်ရာများနှင့်ပြည့်နှက်နေပြီး ထိုအံ့ဖွယ်အမှုများဖြစ်ပျက်မှုမရှိခဲ့သည်ကို ကျွန်ုပ်တို့သိသည်ဟု သူတို့ဆိုကြသည်။ ကောင်းပြီ၊ အံ့ဖွယ်အမှုများဖြစ်ပျက်မှုမရှိခဲ့သည်ကို မည်သို့သိသနည်း။ အဘယ်ကြောင့်ဆိုသော် David Hume သည် ၎င်းကို "သက်သေပြခဲ့" သောကြောင့်ဖြစ်သည်။ သင့်အနေဖြင့် သူ၏အငြင်းပွားမှုကို ကြည့်ပါက၊ သူ့အငြင်းပွားမှုသည် လုံးဝကောင်းမွန်ခြင်းမရှိပါ။ သူ၏အငြင်းပွားမှု၏အဓိကအချက်များထဲမှ တစ်ခုသည် ကျွန်ုပ်တို့တွင် မျက်မြင်သက်သေများ မရှိ—ယုံကြည်နိုင်လောက်သော မျက်မြင်သက်သေများ—အံ့ဖွယ်အမှုများ ရှိကြောင်း အခိုင်အမာပြောနိုင်သောသူ၊ ယနေ့ကျွန်ုပ်တို့ စမ်းသပ်နိုင်ခြင်းမရှိ ဟူ၍ဖြစ်သည်။ သို့တိုင်၊ Hume ၏ခေတ်တွင်ပင် ဘုရားသခင်သည် အံ့ဖွယ်အမှုများကို လုပ်ဆောင်နေဆဲဖြစ်ကြောင်း ယုံကြည်ရလောက်သော မျက်မြင်သက်သေများရှိခဲ့ပြီး၊ ယနေ့ ကျွန်ုပ်တို့တွင်ထိုသို့သောအရာများ မယုံနိုင်လောက်အောင် များပြားလှပါသည်...ယနေ့ထိုသို့ပြုလုပ်မည်ဆိုပါက၊ ကယ်တင်ခြင်းဆိုင်ရာ အရေးပါသောအဆင့်များတွင် ဘုရားသခင်လုပ်ဆောင်သကဲ့သို့ ကျွန်ုပ်တို့မည်မျှမျှော်လင့်နိုင်မည်နည်း။
>
> **ဒေါက်တာ Craig S. Keener**

ဘုရားသခင်သည် သာမန်အားဖြင့် ခွဲခြားသိမြင်နိုင်သော ပုံစံများကို လိုက်နာသည့်နည်းလမ်းများဖြင့် သမိုင်းကို ညွှန်ပြကြောင်း သမ္မာကျမ်းစာသွန်သင်သည်။ အကြောင်းပြချက်နှင့် သိပ္ပံပညာသည် ဤပုံစံများကို ပိုင်းခြားသိမြင်ရန် ကူညီပေးသော ဘုရားသခင်ထံမှ လက်ဆောင်များဖြစ်သည်။ ထို့အတွက်ကြောင့်၊ ယုံကြည်သူများသည်ပညတ္တိကျမ်းငါးကျမ်းအား ဆင်ခြင်တုံတရားနှင့် သိပ္ပံနည်းကျ သုတေသနပြုမှုကို မှန်ကန်စွာတန်ဖိုးထားကြသည်။ သို့သော် တစ်ချိန်တည်းမှာပင်၊ ယေရှု၏နောက်လိုက်များသည် ဘုရားသခင် ပါဝင်ပတ်သက်နေကြောင်းကိုလည်းသိကြပြီး၊ လောကတွင် ကိုယ်တော်သည်သဘာဝလွန်ဖြင့် ဆက်လက်ပါဝင်နေသည်။ ဘုရားသခင်သည် သာမန်ဖြစ်စဉ်များနှင့် သဘာဝအကြောင်းတရားများကို မလိုအပ်ဘဲ၊ ကျော်လွန်ခြင်းနှင့် ဆန့်ကျင်သည့်နည်းလမ်းများဖြင့် လုပ်ဆောင်သည်။ ဤယုံကြည်ချက်သည် ပညတ္တိကျမ်းငါးကျမ်းကို ကျွန်ုပ်တို့၏လေ့လာခြင်းအပေါ် ပုံစံအမျိုးမျိုးဖြင့် သက်ရောက်မှုရှိသည်။ သို့သော် အထူးသဖြင့်၊ ဤကျမ်းစောင်များကို ဘုရားသခင်မှုတ်သွင်းထားပြီး ရေးသားခြင်းကို ကြီးကြပ်ကွပ်ကဲကြောင်း ကျွန်ုပ်တို့အား အာမခံပါသည်။ ထို့ကြောင့်၊ ၎င်းတို့သည် ကိုယ်တော်၏ အခွင့်အာဏာအပြည့်အဝရှိပြီး ယုံကြည်စိတ်ချရသော နှုတ်ကပတ်တော်ဖြစ်သည်။ မှန်ပါသည်၊ ကျွန်ုပ်တို့၏အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် ပညတ္တိကျမ်းငါးကျမ်းအမှန်တကယ်ပြောသည်နှင့် မရောထွေးမိဖို့ရန် အမြဲသတိထားရပါမည်။ ကျွန်ုပ်တို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် အမြဲတိုးတက်နေပါသည်။ သို့သော် ယုံကြည်သူများ၏ရှုထောင့်မှကြည့်လျှင်၊ ပညတ္တိကျမ်းငါးကျမ်းသည် အမှန်တကယ်မှန်သည်ဟု ဆိုထားသမျှသည် မှန်ကန်ပါသည်။ အကြောင်းမှာ ဘုရားသခင်မှုတ်သွင်းထားသောကြောင့်ဖြစ်သည်။

သဘာဝလွန်ဝါဒနှင့်ပတ်သက်သော ကျွန်ုပ်တို့၏ကြိုတင်ယူဆချက်များသည် ဣသရေလ၏ယုံကြည်ခြင်း၏သမိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်သော ကြိုတင်ယူဆချက်များသို့ တိုက်ရိုက်ရည်ညွှန်းပါသည်။

## သမိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု

ကျွန်ုပ်တို့တွေ့ခဲ့ရသည့်အတိုင်း၊ ခေတ်သစ်ဝေဖန်ပိုင်းခြားသောပညာရှင်များသည် ဣသရေလ၏ယုံကြည်ခြင်းသည် ရှေးခေတ်အရှေ့ပိုင်းရှိ အခြားဘာသာများအားလုံးနည်းတူ တူညီသောလမ်းကြောင်းတစ်လျှောက် သဘာဝနည်းလမ်းများဖြင့် ဖြစ်ပေါ်လာသည်ဟု စောဒကတက်ခဲ့ကြသည်။ သို့သော် ယုံကြည်သူများအနေဖြင့် ဣသရေလ၏ယုံကြည်ခြင်းသည် ဘုရားသခင်၏အထူးဖွင့်လှစ်ဖော်ပြခြင်းများမှတစ်ဆင့် ဖြစ်ပေါ်လာသည်ဟု ယုံကြည်ကြသည်။ ဘုရားသခင်သည် အာဒံမှအစပြု၍ကာ နောဧ၊ မိန်းမ၊ ယောက်ျားတို့အား မိမိကိုယ်ကိုတိုက်ရိုက်ဖော်ပြခဲ့သည်။ ဣသရေလအမျိုး၏ဘိုးဘေး အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့ကိုလည်း စကားပြောတော်မူသည်။ မီးလောင်နေသောခြုံ၌ မောရှေအား မိန့်တော်မူသည်။ သိနာတောင်တွင် သူ၏ပညတ်တရားကို ဣသရေလလူတို့အား ဖော်ထုတ်ပေးခဲ့သည်။ ဤဖွင့်လှစ်ဖော်ပြခြင်းမျိုးများသည် ရှေးခေတ်အရှေ့ပိုင်းရှိ အခြားဘာသာတရားများထက် ဣသရေလ၏ယုံကြည်ခြင်းကို တိုးတက်စေခဲ့သည်။ သေချာသည်မှာ၊ ဘုရားသခင်၏ဘုံကျေးဇူးတော်နှင့် စာတန်၏သြဇာလွှမ်းမိုးမှုသည် ဣသရေလလူမျိုး၏ယုံကြည်ခြင်းနှင့် အခြားလူမျိုးများ၏ဘာသာတရားများကြားတွင် တူညီမှုများဖြစ်ပေါ်စေခဲ့သည်။ သို့သော် ဣသရေလ၏ယုံကြည်ခြင်းသည် သဘာဝအတိုင်း ဖြစ်ထွန်းလာသည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မဟုတ်။ ၎င်းအစား၊ ပညတ္တိကျမ်းငါးကျမ်းတွင် သွန်သင်သည့်အတိုင်း ဣသရေလ၏အစောပိုင်း ယုံကြည်ခြင်းတိုးတက်မှုကို ဘုရားသခင်သည်သဘာဝလွန်ဖြင့် ဦးဆောင်ခဲ့သည်။

ကျွန်ုပ်တို့သည် ခေတ်သစ်ယုံကြည်သူများ၏အမြင်များနှင့် ပညတ္တိကျမ်းငါးကျမ်းကို ဝေဖန်ပိုင်းခြားချဉ်းကပ်မှုများနှင့်ဆန့်ကျင်ဘက်ဖြစ်သော ကြိုတင်ယူဆချက်များကိုသုံးသပ်ထားပါသည်။ ဤအမြင်များသည် ပညတ္တိကျမ်းငါးကျမ်း၏ကျမ်းရေးသူနှင့်ပတ်သက်၍ ဆန့်ကျင်ဘက်ယုံကြည်ချက်များကို ဖြစ်ပေါ်စေခဲ့သည်။ ပညတ္တိကျမ်းငါးကျမ်းသည် မောရှေလက်ထက်မှ ဖြစ်လာနိုင်သည်ဟူသော အယူအဆကို ဝေဖန်ပိုင်းခြားသောပညာရှင်များငြင်းဆိုကြသည်။ သို့သော် ပညတ္တိကျမ်းငါးကျမ်းသည် မောရှေထံမှ ဆင်းသက်လာသည်ဟု ဂျူးနှင့် ခရစ်ယာန်တို့၏ ကာလရှည်ကြာယုံကြည်ချက်ကို ယုံကြည်သူများသည် ဆက်လက်အတည်ပြုကြသည်။

# ကျမ်းရေးသူ

ပညတ္တိကျမ်းငါးကျမ်း၏ကျမ်းရေးသူအပေါ် ယုံကြည်သူများ၏အမြင်များကို လေ့လာရန်၊ ကျွန်ုပ်တို့သည် ဦးတည်ချက်နှစ်ခုဖြင့် ကြည့်ပါမည်။ ဦးစွာ၊ ဤရှုထောင့်အတွက် ကျမ်းစာအထောက်အထားအချို့ကို ကျွန်ုပ်တို့မှတ်သားပါမည်။ ဒုတိယအနေနှင့်၊ ခေတ်သစ်ယုံကြည်သူများသည် "မောရှေ၏ကျမ်းရေးသူဖြစ်ခြင်းဆိုင်ရာ အခြေခံလိုအပ်ချက်" ဟုခေါ်သည့်အရာကို မည်သို့ယုံကြည်ကြောင်း ရှင်းပြပါမည်။ မောရှေ၏ကျမ်းရေးသူဖြစ်ခြင်းအတွက် ကျမ်းစာအထောက်အထားအချို့ဖြင့်စကြပါစို့။

## ကျမ်းစာအထောက်အထား

မောရှေသည် ပညတ္တိကျမ်းငါးကျမ်းကို ရေးသားသူဖြစ်သည်ဟူသော ရိုးရာအစဉ်အလာအမြင်အတွက် လုံလောက်သော ကျမ်းစာအထောက်အထားများ သမ္မာကျမ်းစာတွင်ပါရှိသည်။ သို့သော် အချိန်ကိုငဲ့သောအားဖြင့်၊ သမ္မာကျမ်းစာ၏ ကွဲပြားသောအပိုင်းသုံးပိုင်းမှ ကျမ်းပိုဒ်အချို့ကို သုံးသပ်ပါမည်။ ဓမ္မသစ်ကျမ်းမှ အထောက်အထားများဖြင့် စတင်မည်။ လုကာ ၂၄:၄၄ ယေရှုပြောခဲ့သောစကားကို နားထောင်ပါ_

> တဖန် မိန့်တော်မူသည်ကား၊ မောရှေ၏ပညတ္တိကျမ်းစာ၌၎င်း၊ ပရောဖက်တို့၏ကျမ်းစာ၌၎င်း၊ ဆာလံကျမ်းစာ၌၎င်း၊ ငါ့ကို ရည်မှတ်၍ ရေးထားသမျှသော အချက်တို့သည် ပြည့်စုံရမည် (လုကာ ၂၄:၄၄)။

ဤတွင်၊ ယေရှုသည် သူ၏ခေတ်ရှိ အခြားသောဂျူးများကဲ့သို့ပင် ဓမ္မဟောင်းကျမ်းတစ်ခုလုံးကို အပိုင်းသုံးပိုင်းဖြင့် ရည်ညွှန်းခဲ့သည်_ မောရှေ၊ ပရောဖက်များနှင့် ဆာလံကျမ်းတို့ဖြစ်သည်။ ဤပုံစံများဖြင့်၊ ယေရှုသည် မောရှေ၏ပညတ္တိကျမ်းငါးကျမ်း သို့မဟုတ် Torah နှင့်ဆက်နွယ်ကြောင်း လုကာသည် ရှင်းလင်းစွာ ဖော်ပြခဲ့သည်။

ယေရှုသည် ယောဟန် ၅:၄၆ တွင်မောရှေအား ပညတ္တိကျမ်းငါးကျမ်း ကိုရေးသားသူအဖြစ် ရည်ညွှန်းပြောဆိုခဲ့သည်_



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> သင်တို့သည် မောရှေ၏စကားကိုယုံလျှင် ငါ့စကားကို မယုံဘဲမနေနိုင်ကြ။ အကြောင်းမူကား၊ မောရှေ သည် ငါ့အကြောင်းကို ရေးထား၏ (ယောဟန် ၅:၄၆)။

ယေရှု၏ကိုယ်ပိုင်သက်သေခံချက်အပြင်၊ အခြားသော ဓမ္မသစ်ကျမ်းပိုဒ်များသည် မောရှေထံမှ လာသော ပညတ္တိကျမ်းငါးကျမ်း၏ တိကျသောအပိုင်းများကို ရည်ညွှန်းသည်။ မာကု ၇:၁၀၊ ယောဟန် ၇:၁၉၊ ရောမ ၁၀:၅ နှင့် ၁ ကောရိန္သု ၉:၉ တွင် တွေ့မြင်ရသည်။

အမှန်တကယ်တွင်၊ မောရှေ၏ရေးသားသူဖြစ်ခြင်းအတွက် ဓမ္မသစ်၏ထောက်ခံမှုသည် ဓမ္မဟောင်းကျမ်း၏သက်သေခံချက်အပေါ် အခြေခံထားသည်။ အကြိမ်အခါများစွာတွင်၊ ဓမ္မဟောင်း ကျမ်းများသည် ပညတ္တိကျမ်းငါးကျမ်းကို မောရှေနှင့် ဆက်စပ်ပေးသည်။ ဥပမာအားဖြင့် ၂ ရာဇဝင်ချုပ် ၂၅:၄ ကို နားထောင်ကြည့်ပါ_

> လူတိုင်းမိမိအပြစ်ကြောင့် အသေခံရ၏ဟု မောရှေပညတ္တိကျမ်းစာ၌ ရေးထားလျက်ရှိသော ထာဝရဘုရား၏ပညတ်တော်ကို စောင့်ရှောက်၍၊ (၂ ရာဇဝင်ချုပ် ၂၅:၄)။

အလားတူ မောရှေနှင့် ပညတ္တိကျမ်းငါးကျမ်းကိုဆက်စပ်ပေးသော ဓမ္မဟောင်းကျမ်းပိုဒ်များကို ၂ ရာဇဝင်ချုပ် ၃၅:၁၂၊ ဧဇရ ၃:၂ နှင့် ၆:၁၈၊ နေဟမိ ၈:၁ နှင့် ၁၃:၁ တို့တွင်တွေ့ရသည်။

ဓမ္မသစ်ကျမ်းနှင့် ဓမ္မဟောင်းကျမ်း၏ သက်သေခံချက်သည် ၎င်း၏ကျမ်းရေးသူအကြောင်း ပညတ္တိကျမ်းငါးကျမ်းကိုယ်တိုင်ပြောသည့်အရာအပေါ် ယေဘူယျအားဖြင့်အခြေခံထားကြောင်းလည်း ကျွန်ုပ်တို့သတိပြုသင့်သည်။ အတိအကျပြောရလျှင်၊ ပညတ္တိကျမ်းငါးကျမ်းအများစုသည် အမည်မသိ ဖြစ်သည်။ တရားဟောရာကျမ်း၏ ပထမကျမ်းချက်မှလွဲ၍ မောရှေသည် သူ၏ကျမ်းရေးသူဖြစ်မှုကို ညွှန်ပြသည့်နည်းဖြင့် ဤကျမ်းများ၏အစ သို့မဟုတ် အဆုံးတွင် မည်သည့်အမည်ကိုမျှ မဖော်ပြထားပါ။ သို့သော် ရှေးခေတ်အရှေ့ပိုင်းဒေသတွင် ဤသည်မှာ အဆန်းမဟုတ်ပါ။ သမ္မာကျမ်းစာ၌လည်း အထူးအဆန်း မဟုတ်ပါ။ အမှန်မှာ၊ ပညတ္တိကျမ်းငါးကျမ်းကိုယ်တိုင် မောရှေသည် ဘုရားသခင်ထံမှ ဖွင့်လှစ်ဖော်ပြခြင်း များကို လက်ခံရရှိပြီး ပညတ္တိကျမ်းငါးကျမ်း၏ဖွဲ့စည်းမှုအတွက် တာဝန်ရှိကြောင်း အတိအလင်း ထုတ်ဖော်ပြောဆိုသည်။ ဥပမာ၊ ထွက်မြောက်ရာ ၂၄:၄ တွင် မောရှေသည် ထွက်မြောက်ရာကျမ်း ၂၀:၁၈–၂၃:၃၃ တွင်တွေ့ရသော ပဋိညာဉ်ကျမ်းကို ရေးခဲ့ကြောင်း ကျွန်ုပ်တို့ကိုပြောပြသည်။ ဝတ်ပြုရာ ကျမ်း ၁:၁-၂ တွင် ဣသရေလလူတို့အား ဝတ်ပြုရာစည်းမျဉ်းများကို မောရှေအားဖြင့်ပေးခဲ့ကြောင်း ကျွန်ုပ်တို့ လေ့လာသိရှိရသည်။ မောရှေသည် တရားဟောရာကျမ်းတွင်ပါရှိသော ဟောပြောချက်များကို ပေးခဲ့ကြောင်း တရားဟောရာ ၃၁:၁ နှင့် ၃၂:၄၄ တွင် ကျွန်ုပ်တို့အား ပြောပြပါသည်။ နိဂုံးချုပ်အားဖြင့်၊ မောရှေသည် ပညတ္တိကျမ်းငါးကျမ်း၏ အဓိကအစိတ်အပိုင်းများ၏ အကြောင်းအရာများကို လက်ခံခြင်း နှင့် ပေးပို့ခြင်းတွင် တက်ကြွစွာပါဝင်ခဲ့သည်ဟု ပညတ္တိကျမ်းငါးကျမ်းသည် ရှင်းလင်းပြတ်သားစွာ အခိုင် အမာဆိုထားသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤနေရာနှင့် အခြားသောကျမ်းစာအထောက်အထားများစွာသည် ယုံကြည်သူများသည် ပညတ္တိကျမ်းငါးကျမ်း၏ကျမ်းရေးသူနှင့်ပတ်သက်သော ဝေဖန်ထင်မြင်ချက်များအပေါ် အဘယ်ကြောင့် အခိုင်အမာဆန့်ကျင်ကြောင်း ရှင်းပြသည်။ ထင်ရှားနေသည်မှာ၊ ပညတ္တိကျမ်းငါးကျမ်းကို မောရှေ၏အသက်ထက် များစွာနောက်ကျ၍ ရေးသားထားသည်ဟု ယူဆသည့် ဝေဖန်ပိုင်းခြားပြန်လည်ဖော်ထုတ်မှုများကို သမ္မာကျမ်းစာသည် မထောက်ခံပါ။ ကျွန်ုပ်တို့သည် ဓမ္မဟောင်းနှင့် ဓမ္မသစ်တို့၏ သက်သေခံချက်ကို လိုက်နာပါက၊ ပညတ္တိကျမ်းငါးကျမ်းကို မောရှေနှင့် ပေါင်းစပ်သင့်သည်ကို ကျွန်ုပ်တို့ စိတ်ချနိုင်ပါသည်။

> ပညတ္တိကျမ်းငါးကျမ်းကိုယ်တိုင်သည် အခြေခံအားဖြင့်မောရှေရေးသားသည်ဟု တင်ပြသည်။ မောရှေသည် တရားဟောရာကျမ်းမှ ထွက်မြောက်ရာကျမ်းထိ အဓိကဇာတ်ကောင်များထဲမှ တစ်ဦးဖြစ်သည်။ မောရှေလက်ထက်မှစ၍ ကျမ်းသည် ကျယ်ပြန့်စွာဖြစ်တည်လာသည်ဟု ဖော်ပြထားသည်။ ဥပမာ၊ ထွက်မြောက်ရာကျမ်းတွင်…ယေဟောဝါသည်မောရှေကို ပဋိညာဉ်ကျမ်းအား ရေးရန် မိန့်တော်မူသည်။ ၎င်းသည် ထွက်မြောက်ရာကျမ်း ၂၁ မှ ၂၃ ဖြစ်သည်။ မောရှေထံမှ အခန်းဆက်ဆောင်းပါးဖြစ်သော ဟောပြောချက်များနှင့် ပညတ်တရားများ ကျွန်ုပ်တို့ရရှိကြောင်း ဝတ်ပြုရာကျမ်းတွင် ဖော်ပြထားသည်။ မောရှေသည် တောလည်ရာကျမ်းတွင် အဓိကဇာတ်ကောင်ဖြစ်သည်။ တရားဟောရာကျမ်းတွင် မောရှေပြောသော ဟောပြောချက်အခန်းဆက်ဆောင်းပါးများပါရှိပြီး၊ ဤအပိုင်းကို မောရှေရေးပြီး ယဇ်ပုရောဟိတ်များထံ ပေးအပ်ခဲ့ကြောင်း တရားဟောရာကျမ်းတွင် အကြိမ်များစွာ ဖော်ပြထားပါသည်။ ယခု၊ မောရှေသည် တရားဟောရာကျမ်းတစ်ခုလုံးကို အလုံးစုံရေးသားသည်ဟု မဆိုလိုပါ၊ သို့သော် တရားဟောရာကျမ်းကိုယ်တိုင်သည် ကျမ်း၏ထင်ရှားသော အပိုင်းများ၊ ကျမ်းအများစုကို မောရှေရေးပြီး ယဇ်ပုရောဟိတ်များထံ ပေးအပ်ခဲ့သည်ဟုဆိုသည်။ ထို့ကြောင့် ဥပမာအားဖြင့်၊ တရားဟောရာကျမ်းတွင်၊ သူသည် နောက်ဆုံးရေးသားသူ သို့မဟုတ် နောက်ဆုံးဇာတ်ကြောင်းပြောသူမဟုတ်သည်ဖြစ်စေ ကျွန်ုပ်တို့တွင် မောရှေကိုယ်တိုင်ရေးခဲ့သောကျမ်း၏ အနည်းဆုံး ၉၀% ရှိပေမည်။
>
> **ဒေါက်တာ Gordon H. Johnston**

မောရှေ၏ကျမ်းရေးသူဖြစ်ခြင်း၏ အခြေခံသဘောတရားကို သမ္မာကျမ်းစာအထောက်အထားများပံ့ပိုးထားသည်ကို တွေ့မြင်ပြီးနောက်၊ ကျွန်ုပ်တို့သည် ဒုတိယသုံးသပ်ချက်ကို လေ့လာသင့်သည်။ မောရှေ၏ကျမ်းရေးသူဖြစ်ခြင်းနှင့်ပတ်သက်၍ အခြေခံလိုအပ်ချက်ဆိုင်ရာ ခေတ်သစ်ယုံကြည်သူများ၏ဆိုလိုရင်းသည် အဘယ်နည်း။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## မောရှေ၏ကျမ်းရေးသူဖြစ်ခြင်းဆိုင်ရာအခြေခံလိုအပ်ချက်

ယုံကြည်သူများသည် ပညတ္တိကျမ်းငါးကျမ်းအပေါ် ဝေဖန်ရှုမြင်ချက်များကို တုံ့ပြန်သောအခါ တွင်၊ ၎င်းတို့၏တုံ့ပြန်မှုများကို နည်းအမျိုးမျိုးဖြင့် ပြန်လည်ဖော်ထုတ်ခဲ့ကြသည်။ သို့သော် နှစ်ဆယ်ရာစု အလယ်တွင်၊ ပညတ္တိကျမ်းငါးကျမ်း၏ "မောရှေ၏ကျမ်းရေးသူဖြစ်ခြင်းဆိုင်ရာ အခြေခံလိုအပ်ချက်" အကြောင်းကို လူအများပြောဆိုလာသည်။

၁၉၄၉ ခုနှစ်တွင်ထုတ်ဝေသော Edward J. Young ၏ Introduction to the Old Testament တွင် ဤအမြင်ကို အကျဉ်းချုပ်ဖော်ပြပုံကို နားထောင်ပါ_

> မောရှေရေးခဲ့သည်ကို ကျွန်ုပ်တို့အတည်ပြုသောအခါ...သူကိုယ်တိုင် ပညတ္တိကျမ်းငါးကျမ်း၏စကားလုံးတိုင်းကိုရေးသည်ဟု မဆိုလိုပါ...[သူ] သည် ယခင်ရှိပြီးသား သက်သေခံအထောက်အထားများ၏ အစိတ်အပိုင်းများကို အသုံးချခဲ့ပေမည်။ ထို့အပြင်၊ ဘုရားသခင်၏မှုတ်သွင်းခြင်းအောက်တွင်၊ နောက်ပိုင်းတွင် အသေးအမွှားထပ်ဖြည့်မှုများနှင့် ပြန်လည်ပြင်ဆင်မှုများပင် ရှိကောင်းရှိနိုင်သည်။ သိသာစွာနှင့် အခြေခံအားဖြင့်၊ ၎င်းသည် မောရှေ၏ လုပ်ဆောင်မှုရလဒ်ဖြစ်သည်။

ယခု၊ ယုံကြည်သူများသည် မောရှေ၏ရေးသားမှုနှင့်ပတ်သက်၍ ဤရှုထောင့်အသေးစိတ်များကို နည်းလမ်းအမျိုးမျိုးဖြင့် နားလည်လာကြသည်။ သို့သော် အတိုင်းအတာတစ်ခုအထိ၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ အမြဲမှတ်သားထားရမည့် အချက်သုံးချက်ကို မိမိကိုယ်ကို သတိပေးရန် "မောရှေ၏ကျမ်းရေး သူဖြစ်ခြင်းဆိုင်ရာ အခြေခံလိုအပ်ချက်" အကြောင်းကို ပြောဆိုနေကြသည်_ မောရှေအသုံးပြုခဲ့သော အရင်းအမြစ်များ၊ ပညတ္တိကျမ်းငါးကျမ်းကို ရေးသားခဲ့သည့် လုပ်ငန်းစဉ်နှင့် ပညတ္တိကျမ်းငါးကျမ်းတို့ကို မွမ်းမံပြင်ဆင်ခြင်းတို့သည် မောရှေလက်ထက်နောက်၌ ဖြစ်ပျက်ခဲ့သည်။ မောရှေအသုံးပြုခဲ့သော အရင်းအမြစ်များကို ဦးစွာသုံးသပ်ကြည့်ကြပါစို့။

**အရင်းအမြစ်များ။** ဘုရားသခင်သည် မောရှေအား နည်းအမျိုးမျိုးဖြင့် မိမိကိုယ်ကို ထုတ်ဖော် ပြသခဲ့ကြောင်း သမ္မာကျမ်းစာသည် ဖော်ပြသည်။ ဥပမာ၊ ဘုရားသခင်သည် မူရင်းပညတ်တော်ဆယ်ပါး ကို သူ၏လက်ချောင်းဖြင့် ရေးခဲ့သည်။ ပဋိညာဉ်ကျမ်းတွင် သိနာတောင်ပေါ်တွင် မောရှေအား ဘုရား သခင်ပေးခဲ့သော ပညတ်များပါရှိသည်။ သို့သော်၊ သမ္မာကျမ်းစာ၏အခြားအစိတ်အပိုင်းများစွာကဲ့သို့ပင်၊ မောရှေသည် ပညတ္တိကျမ်းငါးကျမ်းကိုရေးသားရာတွင် အခြားအရင်းအမြစ်များကိုလည်း အသုံးပြု ကြောင်း ညွှန်ပြချက်များရှိသည်။

တစ်ဖက်တွင်မူ၊ သူသည် နှုတ်ဓလေ့အမျိုးမျိုးမှ ထုတ်နုတ်ခဲ့ဖွယ်ရှိသည်။ သာဓကအနေနှင့်၊ မောရှေသည် ငယ်စဉ်ကလေးဘဝတွင် သူ၏မွေးမိခင်နှင့် မိသားစုဝင်များထံမှ အကြောင်းအရာအချို့ကို သင်ယူခဲ့သည်။ ထို့အပြင်၊ ထွက်မြောက်ရာ ၁၈:၁၇-၂၄ တွင် မောရှေသည် ယောက္ခမ၊ မိဒျန်လူ ယေသရောထံမှ သွန်သင်ချက်ကို အလွန်လက်ခံကြောင်း တွေ့မြင်ရသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ်ဒမစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကမ္ဘာဦးသမိုင်း သို့မဟုတ် အခြားအစိတ်အပိုင်းများအပါအဝင် ပညတ္တိကျမ်းငါးကျမ်း၏ မည်သည့်အစိတ်အပိုင်း၏နောက်ကွယ်မှ နှုတ်ဓလေ့များအကြောင်းပြောဆိုသည့်အခါတိုင်း၊ ၎င်းအတွက် တိကျသေချာသောအထောက်အထားမရှိသောကြောင့် အနည်းငယ် ရှုပ်ထွေးနေပါသည်။ "နှုတ်ပါးစပ်"ဟုပြောသည့်အခါ ၎င်းသည် မည့်သည့်အရာကိုမှ ရေးထားခြင်းမရှိဟု ဆိုလိုသည်။ သို့သော်လည်း တစ်မိနစ်ခန့်စဉ်းစားကြည့်သောအခါ၊ မောရှေသည် ဤဇာတ်လမ်းများကို တစ်နေ့အတွင်းစဉ်းစားခဲ့သည်မဟုတ်ကြောင်းနှင့် ဘုရားသခင်သည်သူ့ကို တစ်နေ့အတွင်း ဤသို့သောဇာတ်လမ်းမျိုးများကို နှုတ်နောက်ခံမရှိဘဲ ပြောပြခဲ့ခြင်းသည် မဖြစ်နိုင်ကြောင်း ကျွန်ုပ်တို့နားလည်သဘောပေါက်ရန်ကူညီပေးမည့်အချက်အချို့ကို သိပါသည်။ သက်သေအထောက်အထားတစ်ခုသည် ယနေ့ခေတ်တွင်ပင် ကမ္ဘာဦးယဉ်ကျေးမှုများသည် ပုံပြင်ပြောခြင်းအပေါ် များစွာမူတည်ကြောင်း၊ ၎င်းတို့လူမျိုး၏ ရှေးခေတ်ဇတ်လမ်းများကို မျိုးဆက်တစ်ခုမှတစ်ခုသို့ ထပ်ခါတလဲလဲ ပြောပြကြပြီး၊ လူများသည်လည်း အလားတူ အရာများကိုလုပ်ဆောင်ကြသည့်အခါ သမ္မာကျမ်းစာခေတ်နှင့် အပြိုင်ဖြစ်လေ့ရှိသည်။ ထိုအရာနှင့်ပတ်သက်သော အခိုင်မာဆုံးသော သက်သေအထောက်အထားသည် ပညတ္တိကျမ်းငါးကျမ်းဖြစ်ပြီး၊ ထွက်မြောက်ရာကျမ်းနှင့် တောလည်ရာကျမ်းများတွင် တွေ့ရှိရသည့် ဇတ်လမ်းများကို တရားဟောရာကျမ်းတွင် မကြာခဏ ထပ်မံဖော်ပြသည့် နည်းလမ်းဖြစ်သည်။ ထွက်မြောက်ရာကျမ်းနှင့် တောလည်ရာကျမ်းတွင် တွေ့ရသောအကြောင်းအရာများပါဝင်သည့် မောရှေ၏ဟောပြောချက်များ သို့မဟုတ် တရားဒေသနာများကို ကျွန်ုပ်တို့အတွက် တရားဟောရာကျမ်း၌ ဖော်ပြထားသည်။ သို့သော် ၎င်းတို့နှင့်ပတ်သက်သောစိတ်ဝင်စားဖွယ် အချက်သည် ၎င်းတို့သည် ဆင်တူသော်လည်း အတိအကျမတူညီပါ။ ထို့ကြောင့်၊ မောရှေလက်ထက်၌ ယဉ်ကျေးမှုတစ်ခုရှိခဲ့သည်၊ အတိတ်မှ ဇတ်လမ်းများ (သို့) ပုံပြင်များကို ယူဆောင်ခြင်း၊ ဖြစ်ပျက်ခဲ့သောအရာများနှင့် မျိုးဆက်တစ်ခုမှတစ်ခုသို့ ဆင်းသက်လာပုံတို့ကိုကျင့်သုံးသော ဣသရေလခေတ်၌ ယဉ်ကျေးမှုတစ်ခုရှိခဲ့ပြီး၊ သင်နေထိုင်ခဲ့သည့် အခြေအနေတွင် ၎င်းတို့ကို တိကျသောနည်းလမ်းများဖြင့် အသုံးပြုရန်ဖြစ်သည်။ မောရှေသည် သူ့ဘဝအစောပိုင်းနှစ်များတွင် မိခင်၏အိမ်တွင် ကြီးပြင်းခဲ့သည်၊ ၎င်းသည် သူ၏ဘိုးဘေးများအကြောင်း၊ သူသည်ဟေဗြဲလူမျိုးဖြစ်ကြောင်း၊ အာဗြဟံမှဆင်းသက်လာသည့် သူ၏ဝိသေသလက္ခဏာကို သိစေလိမ့်မည်။ ထို့အပြင်၊ မောရှေသည် ဣသရေလလူမျိုး အသက်ကြီးသူများအားတုံ့ပြန်ရာတွင်လည်းကောင်း၊ ယေသရောနှင့် အတူရှိရာမှ ပြန်လာသည့်အခါတွင်လည်းကောင်း သူ၏ မျိုးရိုးနှင့်ပတ်သက်သည့် ထူးခြားသောဇတ်လမ်းများကို ပို၍ပင် လေ့လာ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> သင်ယူခဲ့ရပေလိမ့်မည်။ ထို့ကြောင့်၊ မောရှေသည် ပညတ္တိကျမ်းငါးကျမ်း၏ အစိတ်အပိုင်းအမျိုးမျိုးကို ရေးသားခဲ့ရာ၌၊ မျိုးဆက်တစ်ခုမှတစ်ခုသို့ ပြောပြခဲ့သည့်ဇတ်လမ်းများ၊ နှုတ်ဝလေ့များအပေါ်တွင် အမှန်တကယ် မှီခိုနေသည်ဟု ယူဆရန် အကြောင်းပြချက်ကောင်းရှိသည်။
>
> **ဒေါက်တာ Richard L. Pratt, Jr.**

နှုတ်ဝလေ့များ၏ လွှမ်းမိုးမှုသည် မီးလောင်နေသောခြုံပုတ်တွင် မောရှေအားခေါ်ဆိုမှု၏ ထူးခြားသောအသွင်အပြင်အားဖြင့် ဖော်ပြပါသည်။ ထွက်မြောက်ရာ ၃:၁၃၊ ၁၆ တွင် ဖြစ်ပျက်ခဲ့သည်များကို နားထောင်ပါ_

> မောရှေကလည်း၊ အကျွန်ုပ်သည် ဣသရေလအမျိုးသားတို့ရှိရာသို့ရောက်၍၊ သင်တို့ဘိုးဘေးများ၏ဘုရားသခင်သည် ငါ့ကိုသင်တို့ရှိရာသို့စေလွှတ်တော်မူပြီ ဟု အကျွန်ုပ်ဆိုလျှင်၊ သူတို့က၊ ထိုဘုရားသခင်၏နာမတော်ကား အဘယ်သို့ နည်းဟု အကျွန်ုပ်ကိုပြန်၍မေးသောအခါ၊ သွား၍ဣသရေလအမျိုး အသက်ကြီးသူတို့ကို စုဝေးစေပြီးလျှင်၊ သင်တို့ဘိုးဘေးများ၏ ဘုရားသခင်၊ အာဗြဟံ၏ဘုရား၊ ဣဇာက်၏ဘုရား၊ ယာကုပ်၏ဘုရားတည်းဟူသော ထာဝရဘုရားသည် ငါ့အားထင်ရှားတော် မူလျက်၊ အကယ်စင်စစ် သင်တို့ကို ငါအကြည့်အရှုလာ၍၊ အဲဂုတ္တုပြည်၌ သင်တို့အားပြုသောအမှုကို ငါမြင်ပြီ (ထွက်မြောက်ရာ ၃:၁၃၊ ၁၆)။

ဘုရားသခင်သည်မောရှေအား မိမိကိုယ်ကို "ထာဝရဘုရား" —သို့မဟုတ် Yahweh— "အာဗြဟံ၊ ဣဇာက်နှင့် ယာကုပ်တို့၏ဘုရားသခင်" အဖြစ် ရည်ညွှန်းသည်ကို သတိပြုပါ။ ဘုရားသခင်၏နာမတော် Yahweh နှင့် ဘိုးဘေးများ၏ထုံးတမ်းစဉ်လာများအကြောင်း တစ်စုံတစ်ဦးသည် မောရှေအား သွန်သင်ခဲ့ပေမည်။ မဟုတ်ပါက၊ ဘုရားသခင်၏နှုတ်ကပတ်တော်သည် မောရှေ၏စိတ်တွင် မရေမတွက်နိုင်သော မေးခွန်းများ ပေါ်ပေါက်လာစေမည်ဖြစ်သည်။ သို့သော် ဤနေရာတွင် ကျွန်ုပ်တို့မြင်ရသည်အတိုင်း၊ မောရှေသည် ဘုရားသခင်၏ညွှန်ကြားချက်ကိုလက်ခံရန် အလွန်အသင့်ရှိသောကြောင့် ၎င်းနှင့်ပတ်သက်၍ မည်သည့်မေးခွန်းမှမမေးခဲ့ပါ။

မောရှေ၏ရင်းမြစ်များသည် ပညတ္တိကျမ်းငါးကျမ်း ကိုရေးစပ်သောအခါတွင် သီးခြားသက်သေခံအထောက်အထားများပါဝင်ကြောင်း ကျွန်ုပ်တို့ ပို၍ပင်ယုံကြည်စိတ်ချနိုင်ပါသည်။ ထွက်မြောက်ရာ ၂၄:၇ ကဲ့သို့သော နေရာများတွင် ဤအရာကို တွေ့မြင်ရသည်။ ဤအခန်းငယ်တွင် မောရှေသည် "ပဋိညာဉ်စာ" ကို ထွက်မြောက်ရာကျမ်းတွင် နောက်ပိုင်းထည့်သွင်းခဲ့သော သီးခြားသက်သေခံအထောက်အထားတစ်ခု အဖြစ် ညွှန်ပြသည်။ တောလည်ရာ ၂၁:၁၄-၁၅ တွင် မောရှေသည် "ထာဝရဘုရားစစ်တိုက်စာ" ဟုလူသိများသော လက်ရှိကျမ်းမှ ပထဝီဝင်အကိုးအကားများကို ကိုးကားခဲ့သည်။

၎င်းအပြင် ကမ္ဘာဦး ၅:၁ တွင် "အာဒံ၏သားစဉ်မြေးဆက်စာရင်း" ဟုခေါ်သော ပြင်ပစာပေဆိုင်ရာအရင်းအမြစ်တစ်ခုအား ထင်ရှားစွာ ကိုးကားနိုင်ဖွယ်ရှိသောအရာကို ကျွန်ုပ်တို့ဖတ်ရသည်။ ဤမူလစာသားအတိုင်း အနက်ပြန်ဆိုချက်တွင်၊ ဖော်ပြသည့်အတိုင်း၊ မောရှေသည် အမှန်တကယ် "ကျမ်း" သို့မဟုတ် "စာလိပ်" မှ ရရှိသော အချက်အလက်ကို ရည်ညွှန်းခြင်းဖြစ်နိုင်ပါသည်—ဟေဗြဲဘာသာဖြင့် סֵפֶר *(sēpher)*— အာဒံ၏သားမြေးများအကြောင်းဖြစ်သည်။

ထို့အပြင် ထွက်မြောက်ရာ ၁၇:၁၄ သည် တိုက်ပွဲမှတ်တမ်းကို ရည်ညွှန်းသည်။ ဤကျမ်းပိုဒ်၌ ဘုရားသခင်သည် မောရှေအား မိန့်တော်မူသည်မှာ_

> ထာဝရဘုရားကလည်း၊ ဤအမှုကိုအောက်မေ့စရာဖို့ စာရေးထား၍ ယောရှုအားဖတ်ရွတ်လော့ (ထွက်မြောက်ရာ ၁၇:၁၄)။

ပညတ္တိကျမ်းငါးကျမ်းကို ကျမ်းတစ်ကျမ်းအဖြစ်မရေးမီ အနည်းဆုံး အဖြစ်အပျက်အချို့ကို မောရှေသည် လွတ်လပ်စွာ မှတ်တမ်းတင်ထားကြောင်း မောရှေအားပေးသောဘုရားသခင်၏ အမိန့်တော်သည်ဖော်ပြသည်။

> ပညတ္တိကျမ်းငါးကျမ်းကို လေ့လာကြည့်သောအခါ အထူးသဖြင့် ကမ္ဘာဦးကျမ်းတွင်၊ မောရှေသည် အလွန်ရှေးကျသော သက်သေခံအထောက်အထားများကို ပေါင်းစပ်ထားသည်ကို တွေ့ရှိရသည်။ မောရှေသည် အမှန်တကယ်တွင် ဘာသာစကားလေးမျိုးသိနိုင်မည်ကို ကျွန်ုပ်တို့သိသည်။ မောရှေသည် အီဂျစ်ဘာသာစကားကို သိသည်။ သူသည် ဟေဗြဲမိသားစုတွင် ကြီးပြင်းလာသောကြောင့် ဟေဗြဲဘာသာစကားကိုလည်း သိသည်။ သူ့အမေသည် သူ့ကို ကျွေးမွေးပြုစုသူ ဖြစ်သည်။ သူသည် ထိုခေတ်ကာလ၏ ဘုံဘာသာစကားဖြစ်သော အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုနှင့် သံတမန်ဘာသာစကား Akkadian ဘာသာစကားကိုလည်း သိမည်ဖြစ်သည်။ အာရမိတ်သည် ဣသရေလလူတို့ အစောပိုင်းကာလ၌ ပြောဆိုသော ဘာသာစကားဖြစ်သောကြောင့် အာရမိတ်ကိုလည်း သိလိမ့်မည်—အာဗြဟံ၊ ဣဇာက်၊ ယာကုပ်နှင့်အခြားသူများလည်း သိကြသည်။ ထို့ကြောင့်၊ မောရှေသည် အလွန်လေ့ကျင့်ထားသော ပညာတတ်တစ်ဦးဖြစ်ပြီး၊ ကမ္ဘာဦးကျမ်းကို သူ၏ဖွဲ့စည်းတည်ဆောက်ပုံသည် အချို့သော သက်သေခံအထောက်အထားများကို အသုံးပြုသည်ဟုဆိုသည်၊ အကြောင်းမှာ မျိုးဆက်များ၏..." သို့မဟုတ် "ဤမှတ်တမ်းများသည်..."စသည်ဖြင့် ဆယ်ကြိမ်မက ကျွန်ုပ်တို့အားပြောသည်။ ၎င်းသည် သူထိတွေ့ခဲ့သော၊ ထိန်းသိမ်းထားခဲ့သော၊ မူရင်းဘာသာစကား အာရမိတ်တစ်စိတ်တစ်ပိုင်း သို့မဟုတ် အစောပိုင်းခါနနိဘာသာမှ ဟေဗြဲဘာသာသို့ ပြန်ဆိုခဲ့သော၊ သူသည် ကမ္ဘာဦးကျမ်းအားရေးသားရခြင်း၏လူများအတွက် ရေးခဲ့သောမှတ်တမ်းများဖြစ်သည်မှာ ထင်ရှားပါသည်။ ကမ္ဘာဦးကျမ်းပြီးနောက် ဤကဲ့သို့ဖြစ်ရန် မလိုအပ်ပါ။ သင်သည် ဝတ်ပြုရာကျမ်းနှင့် တောလည်ရာကျမ်းတို့ကို

> လေ့လာသည်နှင့် ထွက်မြောက်ရာကျမ်းနှင့် တရားဟောရာကျမ်းအားလည်း
> သေချာပေါက် လေ့လာမည်ပင်ဖြစ်ပြီး၊ ပညတ္တိကျမ်းငါးကျမ်း၏
> နောက်ဆုံးလေးစောင်ကို ရောက်ရှိသောအခါ၊ မောရှေသည် ထိုအရာများကို
> အဖြစ်အပျက်များအမှန်တကယ်ဖြစ်ပွားရာနေရာ၌ ရေးဖွဲ့နေခြင်းဖြစ်သည်။
> သူသည် ထိုနေရာ၌ရှိနေသည်။ ထိုအရာကိုသူသည် လုပ်ဆောင်နေသည်။
> ထို့ထက် ပိုအရေးကြီးသည်မှာ၊ ထိုကျမ်းများ၏ အများစုသည် ဘုရားသခင်သည်
> သူ၏ပရောဖက်များမှတစ်ဆင့် မိန့်တော်မူချက်များ ဖြစ်သောကြောင့်ဖြစ်သည်။
>
> **ဒေါက်တာ Douglas Stuart**

ပညတ္တိကျမ်းငါးကျမ်းအတွက် နှုတ်နှင့် စာပေဆိုင်ရာအရင်းအမြစ်များကို အသိအမှတ်ပြုခြင်း အပြင်၊ ယုံကြည်သူများသည် မောရှေ၏ကျမ်းရေးသူဖြစ်ခြင်းဆိုင်ရာအခြေခံလိုအပ်ချက်အကြောင်း ပြောဆိုသောအခါ၊ ပညတ္တိကျမ်းငါးကျမ်းကို အမှန်တကယ် ရှုပ်ထွေးသောလုပ်ငန်းစဉ်ဖြင့် ရေးသားထား ကြောင်းကိုလည်း သူတို့အသိအမှတ်ပြုကြသည်။

**လုပ်ငန်းစဉ်။** အစပိုင်းတွင်၊ မောရှေသည် ပညတ္တိကျမ်းငါးကျမ်း၏ အစိတ်အပိုင်းအများကို အမှန်တကယ်ချရေးမထားမီ နှုတ်ဖြင့်ရွတ်ဆိုခြင်းဖြင့် ဟောပြောခဲ့သည်။ ထွက်မြောက်ရာကျမ်းနှင့် တရားဟောရာကျမ်းပါ သူ၏ဟောပြောချက်များသည် ကျွန်ုပ်တို့အား ဤအရာနှင့်ပတ်သက်၍ ရှင်းလင်း ပြတ်သားသော ဥပမာများပေးပါသည်။ ပညတ္တိကျမ်းငါးကျမ်း၏ အခြားအပိုင်းများကိုလည်း အစတွင် နှုတ်ဖြင့် ဣသရေလလူတို့ထံသို့ ပေးပို့ခဲ့ပြီး နောက်ပိုင်းတွင်ရေးသားခြင်းဖြင့် ဖော်ပြခဲ့ဖွယ်ရှိသည်။

မောရှေသည် ပညတ္တိကျမ်းငါးကျမ်းကိုရေးဖွဲ့ရန် စာပေအကူများ—အတွင်းရေးမှူးများ သို့မဟုတ် ကျမ်းပြုဆရာများ—ကို အသုံးပြုခဲ့ခြင်းလည်း ဖြစ်နိုင်သည်။ မောရှေသည် အီဂျစ်နန်းတွင်းတွင် ပညာ သင်ကြားခဲ့ကြောင်း ကျွန်ုပ်တို့သိသည်။ ထို့ကြောင့် သူသည် သက်သေခံအထောက်အထားများ တရားဝင် ရေးသားရန်အတွက် ကျမ်းပြုဆရာများနှင့် အတွင်းရေးမှူးများအသုံးပြုသည့် ကောင်းစွာပြုစုထားသော အလေ့အကျင့်ကို ရင်းနှီးပြီးသားဖြစ်ပေမည်။ ဣသရေလ၏ခေါင်းဆောင်အနေဖြင့်၊ မောရှေသည် များစွာသောစာများကိုရေးရန် စာပေအကူများကို တာဝန်ပေးနိုင်သည်။ သို့မဟုတ်ပါက ပညတ္တိကျမ်း ငါးကျမ်း အားလုံးသည် သူ၏ကြီးကြပ်မှုအောက်တွင် ရှိမည်မဟုတ်ပါ။

အခြားသော မှုတ်သွင်းထားသောကျမ်းရေးသူများသည်လည်း အတွင်းရေးမှူးများ ခန့်အပ် ကြောင်း သမ္မာကျမ်းစာ ရှင်းလင်းစွာဖော်ပြသည်။ ဥပမာ၊ ယေရမိ ၃၆:၄ တွင်၊ ပရောဖက်ယေရမိသည် သူ၏တပည့်ဗာရုတ်အား သူ၏စကားများကို ချရေးရန် အတိအလင်း ညွှန်ကြားခဲ့သည်။

ပညတ္တိကျမ်းငါးကျမ်း၏ မညီမညာသောစာပေပုံစံများတွင် ဤအလေ့အကျင့်၏ အထောက် အထားများကို မြင်တွေ့နိုင်သည်။ ဥပမာ၊ ကမ္ဘာဦးကျမ်း၏ ကဏ္ဍအသီးသီးတွင်တွေ့ရသော ဇာတ်လမ်း ပုံစံများသည် တစ်ခုနှင့်တစ်ခု အတော်လေး ကွဲပြားပါသည်။ ထို့ပြင် တရားဟောရာကျမ်း၏ ဖန်တီးပုံနှင့် ထပ်တလဲလဲဖော်ပြသောဟေဗြဲစကားလုံးများနှင့် ပညတ္တိကျမ်းငါးကျမ်း၏အခြားကျမ်းများကြားတွင်

ထူးခြားသည့် ခြားနားမှုများကို ကျွန်ုပ်တို့တွေ့မြင်ရသည်။ ဖြစ်နိုင်ခြေအားလုံးတွင်၊ ဤကဲ့သို့သော ကွဲပြားမှုများသည် မတူညီသော ကျမ်းပြုဆရာများ၏ လုပ်ဆောင်မှုကို ထင်ဟပ်စေသည်။

မောရှေ၏ကျမ်းရေးသူဖြစ်ခြင်းဆိုင်ရာ အခြေခံလိုအပ်ချက်သည် မောရှေအသုံးပြုသည့် အရင်းအမြစ်များနှင့် လုပ်ငန်းစဉ်သာမက၊ မောရှေခေတ်ပြီးနောက် ပညတ္တိကျမ်းငါးကျမ်းကို ထပ်မံမွမ်းမံခြင်းကိုလည်း အလေးထားပါသည်။

**ထပ်မံမွမ်းမံခြင်း။** ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည့်အတိုင်း၊ ဝေဖန်ပိုင်းခြားသောအနက်ပြန်သူများသည် ဣသရေလတို့ကျွန်ခံရာဘဝမှ ပြန်လာပြီးနောက် ပညတ္တိကျမ်းငါးကျမ်းတစ်ခုလုံး၏ နောက်ဆုံးပုံစံသို့ရောက်ရှိသွားသကဲ့သို့ သဘောထားကြသည်။ သို့သော် မောရှေလက်ထက်တွင် ပညတ္တိကျမ်းငါးကျမ်းသည် အစပြုခဲ့ခြင်းဖြစ်ကြောင်း ယုံကြည်သူများယူဆကြသည်။ သို့တိုင်၊ မောရှေလက်ထက်နောက်ပိုင်းတွင် အနည်းငယ်သောထပ်မံမွမ်းမံခြင်းကို ကိုယ်စားပြုသည့် ပညတ္တိကျမ်းငါးကျမ်း၏အစိတ်အပိုင်းအချို့ ရှိသေးသည်။

ယခု ပညတ္တိကျမ်းငါးကျမ်း၏ သီးသန့်အစိတ်အပိုင်းများနှင့်တွေ့သောအခါ ကျွန်ုပ်တို့ အလွန်သတိထားရမည်ဖြစ်သည်။ ဥပမာ၊ "ဖိလိတ္တိလူ" ဟူသော ကျမ်းပိုဒ်တိုင်းသည် မောရှေလက်ထက်နောက်ပိုင်းတွင် ရေးသားထားခြင်းဖြစ်ရမည်ဟု အနက်ပြန်သူအချို့အကြံပြုထားသည်။ သို့သော် ဤအမြင်သည် အနည်းဆုံးအကြောင်းပြချက် သုံးခုကြောင့် ယုံကြည်လက်ခံရန်အားနည်းသည်။ ပထမအချက်၊ ဒေသအတွင်း ဖိလိတ္တိလူများရှိနေခြင်းကြောင့် ရှေးဟောင်းသုတေသနဆိုင်ရာ အချက်အလက်ကို အငြင်းပွားခဲ့သည်။ ဒုတိယ၊ မောရှေသည် "ဖိလိတ္တိ" ("ခရီးသည်" ဟုအဓိပ္ပာယ်ရသော) ဟူသော အသုံးအနှုန်းကို လူမှုရေးဆိုင်ရာသတ်မှတ်ချက်တစ်ခုအဖြစ် အသုံးပြုခဲ့ပေမည်။ တတိယ၊ မောရှေခေတ်တွင် "ဖိလိတ္တိ" ဟူသောအသုံးအနှုန်းကို မသိရသေးသော်လည်း၊ "ဖိလိတ္တိ" ကိုအသုံးပြုခြင်းသည် မောရှေလက်ထက်နောက်ပိုင်း ပရိသတ်များကို အထောက်အကူဖြစ်စေရန်အတွက် အနည်းငယ်ထပ်မံမွမ်းမံခြင်းကို ကိုယ်စားပြုခြင်း ဖြစ်နိုင်သည်။

အလားတူ၊ ကမ္ဘာဦး ၃၆:၃၁-၄၃ ပါ ဧဒုံမင်းများစာရင်းသည် မောရှေ၏သက်တမ်းထက်ကျော်လွန်နေကြောင်း အနက်ပြန်သူများ စောဒကတက်ခဲ့ကြသည်။ သို့သော် ကမ္ဘာဦးကျမ်းတွင် ဖော်ပြထားသော ဧဒုံမင်းများ၏ စာရင်းသည် မသေချာပါ။ ဤကျမ်းပိုဒ်များသည် မောရှေခေတ်ပြီးနောက် အနည်းငယ် မျှသာထပ်မံထည့်ထားသော စာရင်းများပါဝင်နေခြင်းလည်း ဖြစ်နိုင်သည်။

ပညတ္တိကျမ်းငါးကျမ်းတွင်အသေးအဖွဲထပ်မံမွမ်းမံခြင်း၏ရှင်းလင်းသောဥပမာတစ်ခုသည် ကမ္ဘာဦး ၁၄:၁၄ တွင်တွေ့ရသည်။ ထိုနေရာတွင် ကျွန်ုပ်တို့ ဖတ်ရသည်မှာ

> အာဗြံသည် မိမိအစ်ကိုသားကို ဖမ်းသွားကြောင်းကိုကြားလျှင်၊ မိမိအိမ်၌ဖွား၍ သွန်သင်သောလူသုံးရာတစ်ဆယ်ရှစ်ယောက်တို့ကိုစီရင်၍၊ ဒန်မြို့တိုင်အောင် လိုက်လေ၏ (ကမ္ဘာဦး ၁၄:၁၄)။

ဤကျမ်းပိုဒ်တွင် အာဗြဟံသည် မိမိ၏ရန်သူများကို "ဒန်မြို့အထိ" လိုက်သည်ဟု ဆိုသည်။ သို့ရာတွင်၊ ယောရှု ၁၉:၄၇ တွင် ဤမြောက်ဘက်ဒေသကို ဒန်အမည်ဖြင့် ယောရှုလက်ထက်အထိ မမှည့်ခေါ်ရသေးပါ။ ထို့ကြောင့်၊ ကမ္ဘာဦး ၁၄:၁၄ သည် ထပ်မံမွမ်းမံထားသောနေရာအမည်ကို ထင်ဟပ်ကြောင်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သမ္မာကျမ်းစာဖော်ပြသည်။ ဤခေတ်မီအောင်ပြုခြင်းအမျိုးအစားသည် နောက်ပိုင်းတွင် စာဖတ်သူများအား သူတို့သိခဲ့သော အာဗြဟံ၏ ဇာတ်လမ်းနှင့် ပထဝီဝင်ပေါင်းစပ်နိုင်စေမည်ဖြစ်သည်။ ပညတ္တိကျမ်းငါးကျမ်းရှိ အခြားသောစာပိုဒ်အများကိုလည်း ဤနည်းအတိုင်း ထပ်မံမွမ်းမံထားနိုင်ဖွယ်ရှိသည်။

ပညတ္တိကျမ်းငါးကျမ်းတွင်တွေ့ရှိရသော အကောင်းဆုံးနှင့် အထူးခြားဆုံးသောထပ်မံမွမ်းမံခြင်းသည် တရားဟောရာ ၃၄ တွင် မောရှေသေဆုံးခြင်းမှတ်တမ်းဖြစ်နိုင်သည်။ သို့သော် ဤနေရာတွင်ပင်၊ ဖြစ်ပျက်ခဲ့သည့်အရာများကို ဣသရေလ၏ပညတ်တရားပေးသူအား နောက်ဆက်တွဲရှင်းပြခြင်းထက် အနည်းငယ်ပိုပါသည်။

ဤကဲ့သို့သောအသေးအဖွဲမွမ်းမံမှုများအပြင်၊ ပညတ္တိကျမ်းငါးကျမ်း၏ဘာသာစကားကိုလည်း ဟေဗြဲဘာသာစကားသည် ပြောင်းလဲတိုးတက်လာသကဲ့သို့ ထပ်မံမွမ်းမံမှုပြုလုပ်ခဲ့သည်။ မကြာသေးမီက သုတေသနပြုချက်များအရ ပညာရှင်များသည် “ပရိုတို-ဟေဗြဲ” ဟုခေါ်သော ဘာသာစကားဖြင့် မောရှေရေးသားခဲ့ကြောင်း အခိုင်အမာဖော်ပြသည်။ “Amarna letters” ဟုသိကြသော အီဂျစ်တွင် တွေ့ရှိရသော အပြည်ပြည်ဆိုင်ရာသက်သေခံအထောက်အထားများမှ အထောက်အထားများသည်၊ ဤဟေဗြဲပုံစံသည် မောရှေခေတ်တွင်အသုံးပြုခဲ့သော ခါနာန်ဘာသာစကားများနှင့် နီးကပ်စွာဆက်စပ်နေကြောင်း ဖော်ပြသည်။ သို့သော် ဤဘာသာစကားသည် ပညတ္တိကျမ်းငါးကျမ်း၏ ရိုးရာအစဉ်အလာဟေဗြဲစာတွင် ကျွန်ုပ်တို့တွေ့ရှိရသည်ထက် များစွာစောပါသည်။

> ဓမ္မဟောင်းကျမ်း၏ ဘာသာစကားဆိုင်ရာမေးခွန်းသည် စွဲမက်ဖွယ်ကောင်းလှသည်။ ဤဘာသာစကားသည် မည်သည့်အချိန်...မည်သည့်နေရာမှလာသနည်း။ မည်သည့်အရပ်တွင် ပေါ်ထွက်လာသနည်း။ ၎င်းသည် လူများကို အချိန်အတန်ကြာ ပဟေဠိဖြစ်စေသော အရာဖြစ်သည်။ အကြောင်းမှာ ရှေးဟောင်းသုတေသန၏ မြေပြင်အထောက်အထားများသည် ဟေဗြဲစာ၊ ရှေးဟေဗြဲပင် ဖြစ်သည်။ လွန်ခဲ့သောနှစ်ဆယ်ရာစုတွင် မကြာသေးမီအတွင်း တူးဖော်တွေ့ရှိခဲ့သော စာပိုဒ်အချို့ ကျွန်ုပ်တို့တွင်ရှိသည်။ သို့သော် အားလုံးနောက်ကျပါသည်။ သူတို့သည် မောရှေခေတ်ထက် နောက်ကျမှ ဖြစ်ပေါ်လာသည်... ထိုသို့ဆိုလျှင်၊ ထိုအရာကိုမည်သို့ပြုမည်နည်း။ ကျွန်ုပ်တို့တွင် ဘီစီ ဆယ့်သုံးရာစု၊ ဆယ့်လေးရာစုအတွင်း ဣသရေလပြည်ခါနာန်တွင်မဟုတ်ဘဲ—ဣသရေလပြည် ဖြစ်လာလိမ့်မည်—အီဂျစ်ပြည်တွင် တူးဖော်တွေ့ရှိထားသည့် သံတမန်ရေးရာပေးစာ အပြည့်အစုံပါရှိသည့် မှတ်တမ်းဖိုင်ထုပ်တစ်ခု၏ အထောက်အထားများရှိသည်။ ၎င်းတို့သည် မက်ဆိုပိုတေးမီးယားမှ မြစ်ဖျားခံသည့် ဘာသာစကားဖြစ်သည့် Akkadian ဖြင့် ရေးသားထားသော်လည်း၊ ၎င်းသည် lingua franca ဘာသာစကားဖြစ်ပြီး၊ ထိုခေတ်၏ သံတမန်ရေးရာ အပြည်ပြည်ဆိုင်ရာဘာသာစကားဖြစ်သည်။ သို့ရာတွင်၊ သူတို့သည် ခါနန်လူများဖြစ်ပြီး၊ အီဂျစ်ပြည်ရှိ ၎င်းတို့၏မင်းများထံ စာရေးနေသည့် ဒေသခံများဖြစ်ကာ၊ သူတို့တွင် ခါနာန်ဘာသာဖြင့် ရေးသားထားသော မှတ်စုငယ်များရှိသည်။ ၎င်းသည် ကျွန်ုပ်တို့၏



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ချိတ်ဆက်မှုဖြစ်သည်။ ထို့နောက် ထိုခါနန်ဘာသာစကားသည် ကျွန်ုပ်တို့အား မောရှေခေတ် ဟေဗြဲဘာသာစကားနှင့် ချိတ်ဆက်ပေးသည်။ ယခု၊ ကျွန်ုပ်တို့တွင် မည်သည့်မှတ်တမ်းမှမရှိပါ၊ မောရှေခေတ်၏ဟေဗြဲဘာသာစကားမှ ကျန်ရှိနေသော အရာတစ်ခုမျှမရှိပါ၊ သို့သော် ခါနန်ဘာသာစကားသည် ကျွန်ုပ်တို့၏ချိတ်ဆက်မှု၊ ကျွန်ုပ်တို့၏တံတားဖြစ်သည်။ ထို့ကြောင့်၊ ၎င်းသည် ခါနာန်လူမျိုးတို့၏မှတ်စုများမှဆင်းသက်လာပြီး၊ မောရှေခေတ်၏ဟေဗြဲတို့အတွက် ဟေဗြဲဘာသာစကားကျွန်ုပ်တို့တွင်ရှိကာ၊ ၎င်းသည် စံနမူနာကျမ်းစာ ဟေဗြဲဘာသာစကားအဖြစ် ကျွန်ုပ်တို့သိကြသော ကျွန်မခံမီ၏ ဟေဗြဲဘာသာ စကားအများစုနှင့် ကျွန်ခံသူများပြန်မလာမီကပင် ကျမ်းချက်သည် ရှိနှင့်နေပြီး ဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့၏ ချိတ်ဆက်မှုဖြစ်သည်။ ၎င်းသည် သွယ်ဝိုက်သောနည်းတစ်ခုဖြစ်သည်၊ ၎င်းသည် အစစ်အမှန်တစ်ခုဖြစ်ပြီး၊ ၎င်းသည် လုံလောက်သောတစ်ခုဖြစ်သည်။

**ဒေါက်တာ Tom Petter**

ဣသရေလဘုရင်များလက်ထက် ဘီစီ ၁၀၀၀ နှင့် ဘီစီ ၆၀၀ အတွင်း၊ ဘာသာစကားသည်" ရှေးကျသော" သို့မဟုတ် "ပါလီယို-ဟေဗြဲ"Paleo-Hebrew ဟုခေါ်သည့် ဘာသာစကားအဖြစ် တိုးတက်ပြောင်းလဲလာသည်။ ပညတ္တိကျမ်းငါးကျမ်း၏အပိုင်းများသည် ထွက်မြောက်ရာကျမ်း ၁၅ နှင့် တရားဟောရာ ၃၂ ၏အစိတ်အပိုင်းများကဲ့သို့သောဟေဗြဲကာလနှင့် ဆင်တူကြောင်း ပညာရှင်အများ သဘောတူကြပေမည်။

သို့သော် ပညတ္တိကျမ်းငါးကျမ်းအများစုသည် ဟေဗြဲဘာသာစကားဖွံ့ဖြိုးတိုးတက်ရာကာလ ဘီစီ ရှစ်ရာစုအလယ်ပိုင်းနှင့် ခြောက်ရာစုအစောပိုင်းကြားတွင် အသုံးပြုခဲ့သည့် ရှေးဟေဗြဲစာပေ"Classical Hebrew" ဟုခေါ်သည့် ဝေါဟာရ၊ စာလုံးပေါင်းနှင့် သဒ္ဒါဆိုင်ရာတို့နှင့် အလွန်နီးကပ်စွာ ဆင်တူသည်။

ဤအထောက်အထားများမှ၊ မောရှေကိုယ်တိုင်အသုံးပြုသော ပရိုတို-ဟေဗြဲ Proto-Hebrew ကို ပါလီယို-ဟေဗြဲ Paleo-Hebrew သို့ ထပ်မံမွမ်းမံထားသည်ဟု ထင်ရှားသည်။ ထို့နောက် ၎င်းကို ဟေဗြဲကျမ်းစာတွင်ပါရှိသောကြောင့် နောက်ပိုင်းတွင် ရှေးဟေဗြဲစာပေသို့ ခေတ်မီအောင် ပြုလုပ်ခဲ့သည်။

သခင်ယေရှုနှင့် သူ၏တမန်တော်များနှင့် ပရောဖက်များလက်ထက်တွင်၊ ပညတ္တိကျမ်းငါးကျမ်း၏ ဟေဗြဲလူမျိုးများသည် ဤပြောင်းလဲမှုမျိုးများကို ဖြတ်သန်းခဲ့ပြီးဖြစ်ကြောင်း အမြဲသတိရရန် အရေးကြီးသည်။ သို့သော် ဤအချက်သည် ယေရှု သို့မဟုတ် သူ၏နောက်လိုက်များအား မောရှေကိုယ်တိုင်ရေးထားသည်ကို သစ္စာရှိစွာကိုယ်စားပြုသည့် သူတို့ခေတ်၏ ပညတ္တိကျမ်းငါးကျမ်းကိုလက်ခံခြင်းမှ မတားဆီးနိုင်ပါ။ ထို့ကြောင့် ယနေ့ခရစ်တော်၏နောက်လိုက်များအနေနှင့်၊ ပညတ္တိကျမ်းငါးကျမ်းသည် မောရှေ၏မူလအရေးအသားများကို သစ္စာရှိစွာကိုယ်စားပြုသည်ဟု ကျွန်ုပ်တို့စိတ်ချနိုင်ပါသည်။

ယခုအချိန်အထိ၊ ကျွန်ုပ်တို့သည် ခေတ်သစ်ယုံကြည်သူများ၏အမြင်များကို ကြည့်ရှုခဲ့ပြီး ပညတ္တိကျမ်းငါးကျမ်းနှင့်ပတ်သက်၍ ယုံကြည်သူများယူဆောင်လာသည့် အရေးကြီးသောကြိုတင်ယူဆချက်

အချို့ကို လေ့လာခဲ့ပါသည်။ ထို့ပြင် သမ္မာကျမ်းစာတွင်ဤအပိုင်း၏ ကျမ်းရေးသူနှင့်ပတ်သက်၍ ယုံကြည်သူများ မည်သို့ရှုမြင်သည်ကို ကျွန်ုပ်တို့သုံးသပ်ခဲ့ကြသည်။ ယခု၊ ဤရှုမြင်ချက်များသည် ယုံကြည်သူများလိုက်နာသည့် အဓိပ္ပာယ်ဖွင့်ဆိုခြင်းနည်းဗျူဟာများအပေါ် အကျိုးသက်ရောက်စေသည့် နည်းလမ်းအချို့ကို သတိပြုကြပါစို့။

# အဓိပ္ပာယ်ဖွင့်ဆိုခြင်းနည်းဗျူဟာများ

ဤအဓိပ္ပာယ်ဖွင့်ဆိုခြင်းနည်းဗျူဟာများကို ဖော်ပြရန် နည်းလမ်းများစွာရှိသည်၊ သို့သော် ယုံကြည်သူများလိုက်လျှောက်ခဲ့သော အဓိကလမ်းညွှန်ချက်သုံးခုကို ကျွန်ုပ်တို့ပြောပြပါမည်။ ပထမဦးစွာ အကြောင်းအရာအလိုက်အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပုံကို သုံးသပ်မည်။ ထို့နောက် သမိုင်းဆိုင်ရာအဓိပ္ပာယ်ဖွင့်ဆိုချက်ကို လေ့လာမည်။ နောက်ဆုံးတွင်၊ စာပေဆိုင်ရာအဓိပ္ပာယ်ဖွင့်ဆိုချက်ကို လေ့လာပါမည်။ အဆိုပါ မဟာဗျူဟာသုံးမျိုးသည် မည်သည့်အခါမျှ တစ်ခုနှင့်တစ်ခု သီးခြားခွဲ၍ရပ်တည်မနေဘဲ အချင်းချင်း အကြီးအကျယ် ဆက်နွယ်ချိတ်ဆက်၍ ရှိကြသည်။ သို့သော် ၎င်းတို့သည် မတူညီသော အလေးပေးမှုများကို ကိုယ်စားပြုသောကြောင့်၊ ၎င်းတို့အား အကြောင်းအရာအလိုက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းမှအစပြု၍ တစ်ခုချင်းကြည့်ရှုရန် ကူညီပေးပါမည်။

## အကြောင်းအရာအလိုက်

အကြောင်းအရာအလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်တွင်၊ ကျွန်ုပ်တို့အတွက် အရေးကြီးသောပြဿနာများကို ထင်ဟပ်ရန် ပညတ္တိကျမ်းငါးကျမ်းကို မှန်တစ်ချပ်ကဲ့သို့ ကိုင်ဆောင်ထားသည်။ ယုံကြည်သူများသည် သမ္မာကျမ်းစာ၏ဤအပိုင်းရှိ အချို့သောခေါင်းစဉ်များ သို့မဟုတ် အကြောင်းအရာများကို အလေးပေးဖော်ပြကြသည်။ သို့သော်ကျွန်ုပ်တို့မြင်ရသကဲ့သို့၊ ပညတ္တိကျမ်းငါးကျမ်း ရှိကျမ်းတိုင်းတွင် ၎င်းတို့၏ ကိုယ်ပိုင်ဦးစားပေးအစီအစဉ်များရှိသည်။ ထို့ကြောင့်၊ မောရှေကိုယ်တိုင် ဤအကြောင်းအရာများကို အလေးအနက်ထားနိုင်သည် သို့မဟုတ် မထားနိုင်ပါ။ ဤချဉ်းကပ်မှုသည် ထောင်စုနှစ်တစ်လျှောက်လုံး ခရစ်ယာန်အနက်ပြန်ဆိုချက်များစွာ၏ သွင်ပြင်လက္ခဏာဖြစ်စေပါသည်။

ခရစ်ယာန်များ အလေးပေးဖော်ပြသော အကြောင်းအရာများစာရင်းသည် အလွန်ရှည်လျားသည်။ အချို့သည် ကိုယ်ရေးကိုယ်တာမေးခွန်းများနှင့် လက်ရှိအငြင်းပွားမှုများကို အလေးပေးဖော်ပြကြသည်။ အခြားသူများသည် ပညတ္တိကျမ်းငါးကျမ်းကို ရိုးရာအစဉ်အလာစနစ်ကျသောဓမ္မပညာတွင် ၎င်းတို့၏အမြင်များအတွက် ပံ့ပိုးမှုအဖြစ် အသုံးပြုကြသည်။ ဥပမာ၊ ပညတ္တိကျမ်းငါးကျမ်းသည် ဘုရားသခင်နှင့်ပတ်သက်သော အရာများစွာကို ဖော်ပြသည်။ ၎င်းသည် လူသားမျိုးနွယ်၏ မတူညီသော ရှုထောင့်များအတွက်လည်း ကြီးမားစွာဖော်ပြထားသည်။ ၎င်းသည် ယေဘုယျအားဖြင့် ကျန်ဖန်ဆင်းခြင်းများကို များစွာအာရုံစိုက်စေသည်။

ယခု၊ အကြောင်းအရာအလိုက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းအတွက် အကြီးမားဆုံးအားနည်းချက်တစ်ခုမှာ မောရှေ၏မူလအကြောင်းအရာများသည် ကတိထားရာပြည်သို့ သူ့နောက်လိုက်လာသော ဣသရေလလူမျိုးအတွက်ဖြစ်ကြောင်း ဆိုခြင်းဖြစ်သည်။ ဤမူရင်းအကြောင်းအရာကို အာရုံစူးစိုက်မှု



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အနည်းငယ်သာရှိသောကြောင့်၊ အကြောင်းအရာအလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် သေးငယ်သော အကြောင်းအရာများကို အာရုံစိုက်ခြင်း အနည်းငယ်သာလုပ်ဆောင်လေ့ရှိသည်။

သို့တိုင်၊ ဓမ္မသစ်ကျမ်းသည် ပညတ္တိကျမ်းငါးကျမ်းထံ ဤချဉ်းကပ်မှုနှင့်ပတ်သက်၍ ခိုင်လုံမှုရှိစေသည်ကို ကျွန်ုပ်တို့ အမြဲသတိရသင့်သည်။ ယေရှုနှင့် ဓမ္မသစ်ကျမ်းရေးသူများသည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်း၊ ကွာရှင်းပြတ်စဲခြင်း၊ ယုံကြည်ခြင်းနှင့် အလုပ် စသည့်အကြောင်းအရာများနှင့် သမ္မာကျမ်းစာ၏ဤအပိုင်းရှိ အခြားအသေးအဖွဲ့ဆက်စပ်အကြောင်းအရာများစွာကို ကိုင်တွယ်သောအခါတွင် မောရှေ၏ကျမ်းများကို ကြည့်ရှုခဲ့ကြသည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့သည် ဤကျမ်းများတွင်ရှိသော အကြောင်းအရာများကို မဖတ်ရန်သတိထားနေသရွေ့ အကြောင်းအရာအလိုက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် ပညတ္တိကျမ်းငါးကျမ်းအတွက် အဖိုးတန်ချဉ်းကပ်မှုတစ်ခု ဖြစ်နိုင်သည်။

အကြောင်းအရာအလိုက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နည်းဗျူဟာအပြင်၊ ကျွန်ုပ်တို့သည် သမိုင်းဆိုင်ရာအဓိပ္ပာယ်ဖွင့်ဆိုချက်ဖြင့် ပညတ္တိကျမ်းငါးကျမ်းကိုလေ့လာခြင်းသည်လည်း ယုံကြည်သူများအတွက် သာမာန်ဖြစ်သည်။

## သမိုင်းနှင့်ဆိုင်သော

ယုံကြည်သူများသည် ပညတ္တိကျမ်းငါးကျမ်း၏ဓမ္မပညာဆိုင်ရာအကြောင်းအရာများသည် အမှန်ဖြစ်သည်ဟု ယုံကြည်ရုံသာမကပါ။ ယေရှုနှင့် သူ၏တမန်တော်များနှင့် ပရောဖက်များ၏ပုံနမူနာများကို လိုက်လျှောက်ခြင်းဖြင့် ပညတ္တိကျမ်းငါးကျမ်း၏သမိုင်းမှတ်တမ်းသည် မှန်ကန်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။ ဤအကြောင်းကြောင့်၊ ယုံကြည်သူများသည် အတိတ်တွင် ဖြစ်ပျက်ခဲ့သည်များကို ရှာဖွေတွေ့ရှိရန် နည်းလမ်းအဖြစ် ပညတ္တိကျမ်းငါးကျမ်းကိုမကြာခဏ အဓိပ္ပာယ်ဖွင့်ဆိုကြသည်။

အကြောင်းအရာအလိုက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနည်းဗျူဟာများသည် ပညတ္တိကျမ်းငါးကျမ်းအား ကျွန်ုပ်တို့စိတ်ဝင်စားသော အကြောင်းအရာများကို ထင်ဟပ်သည့် မှန်တစ်ချပ်ကဲ့သို့ သဘောထားသည်ဟု ကျွန်ုပ်တို့ဖော်ပြခဲ့ပြီးဖြစ်သည်။ သို့သော်၊ သမိုင်းဆိုင်ရာခွဲခြမ်းစိတ်ဖြာချက်သည် ပညတ္တိကျမ်းငါးကျမ်းကို သမိုင်း၏ပြတင်းပေါက်တစ်ခုကဲ့သို့ သဘောထားသည်။ ကျွန်ုပ်တို့သည် ၎င်းတို့နောက်ကွယ်တွင်ရှိနေသည့် သမိုင်းကြောင်းကိုရှာဖွေရန် မောရှေ၏ကျမ်းများအားဖြင့် ကြည့်ရှုကြသည်။

ကမ္ဘာဦးကျမ်းသည် ဖန်ဆင်းခြင်းမှ ယောသပ်၏လက်ထက်အထိ သမိုင်းကို ခြေရာခံသည်။ ထွက်မြောက်ရာကျမ်း၏ အဓိကဇာတ်ကြောင်းသည် ယောသပ်သေဆုံးခြင်းမှ သိနာတောင်ခြေတွင် မောရှေနှင့်အတူ ဣသရေလတပ်ချသည့်အချိန်အထိ ဖြစ်သည်။ ဝတ်ပြုရာကျမ်းသည် သိနာတောင်တွင်ရှိစဉ် မောရှေရရှိခဲ့သည့် ပညတ်တရားများနှင့် ထုံးတမ်းအချို့ကို အသေးစိတ်ဖော်ပြထားသည်။ တောလည်ရာကျမ်းသည် သိနာတောင်မှ မောဘလွင်ပြင်သို့ ထွက်မြောက်ရာ ပထမနှင့် ဒုတိယမျိုးဆက်များ၏ ခရီးစဉ်ကို ခြေရာခံသည်။ မောဘလွင်ပြင်၌ ခါနာန်ပြည်သို့ဝင်ခါနီးတွင် ဣသရေလလူတို့အား မောရှေ၏ဟောပြောချက်များကို တရားဟောရာကျမ်းသည် အသေးစိပ်ဖော်ပြသည်။ သမိုင်းဆိုင်ရာအဓိပ္ပာယ်ဖွင့်ဆိုချက်တွင်၊ ယုံကြည်သူများသည် ဤတိကျသေချာသော သမိုင်းဆိုင်ရာဦးတည်ချက်ပေါ်တွင် အရင်းခံထားသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သမိုင်းဆိုင်ရာအဓိပ္ပာယ်ဖွင့်ဆိုမှုများအဖိုးတန်သကဲ့သို့ ပညတ္တိကျမ်းငါးကျမ်းအပေါ် ဤချဉ်းကပ်မှုတွင်လည်း ကန့်သတ်ချက်များရှိသည်။ အကြောင်းအရာအလိုက်ခွဲခြမ်းစိတ်ဖြာခြင်းကဲ့သို့ပင်၊ သမိုင်းဆိုင်ရာအဓိပ္ပာယ်ဖွင့်ဆိုချက်သည် မောရှေနှင့် သူ၏မူလပရိသတ်ကို အနည်းငယ်သာ အာရုံစိုက်စေသည်။ ၎င်းအစား၊ ပညတ္တိကျမ်းငါးကျမ်း၏ကျမ်းများမရေးမီ အချိန်ကာလအမျိုးမျိုးတွင် ဘုရားသခင်ပြုခဲ့သည့် အရာဆီသို့ ဦးတည်ချက်ဖြစ်သည်။ အာဒံနှင့်ဧဝကို ဘုရားသခင် မည်သည့်အရာပြုလုပ်ခဲ့သနည်း။ နောဧရေလွှမ်းမိုးခြင်း၏ ရည်ရွယ်ချက်သည်အဘယ်နည်း။ အာဗြဟံသည် ဘုရားသခင်အား မည်သို့တုံ့ပြန်ခဲ့သနည်း။ ဣသရေလတို့ပင်လယ်ကို ဖြတ်ကျော်သောအခါ ဘုရားသခင်သည် မည်သည့်အရာများပြီးမြောက်ခဲ့သနည်း။ ၎င်းတို့သည် တရားဝင်လုပ်ရပ်များဖြစ်သော်လည်း၊ ၎င်းတို့သည် မောရှေ၏ကျမ်းရေးသူအဖြစ်ရည်ရွယ်ချက်နှင့် ဣသရေလတို့၏ မူရင်းပရိသတ်အဖြစ် အရေးပါမှုကို နည်းပါးစေသည်။

ယုံကြည်သူများသည် ပညတ္တိကျမ်းငါးကျမ်း၏ အကြောင်းအရာအလိုက်အဓိပ္ပာယ်ပြန်ဆိုခြင်းနှင့် သမိုင်းဆိုင်ရာအနက်ပြန်ဆိုခြင်းတို့မှ နည်းလမ်းများစွာဖြင့် အကျိုးရရှိခဲ့သည်မှာ ထင်ရှားပါသည်။ သို့သော် မကြာသေးမီဆယ်စုနှစ်များအတွင်းတွင်၊ ကျွန်ုပ်တို့သည် စာပေဆိုင်ရာအနက်ပြန်ဆိုခြင်းဟု ခေါ်ဝေါ်သော တတိယဦးတည်ချက်သည် ထင်သာမြင်သာဖြစ်လာသည်။

## စာပေဆိုင်ရာ

ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည့်အတိုင်း၊ အကြောင်းအရာပိုင်းခြားစိတ်ဖြာချက်သည် ကျွန်ုပ်တို့အတွက် အရေးကြီးသည့်အကြောင်းအရာများကို ထင်ဟပ်စေသည့် မှန်တစ်ချပ်အဖြစ် ပညတ္တိကျမ်းငါးကျမ်းကို သဘောထားသည်။ သမိုင်းဆိုင်ရာခွဲခြမ်းစိတ်ဖြာမှုသည် ပညတ္တိကျမ်းငါးကျမ်းကိုမရေးသားမီ သမိုင်းဆိုင်ရာ ဖြစ်ရပ်များအတွက် ပြတင်းပေါက်တစ်ခုအဖြစ် လုပ်ဆောင်သည်။ ဆန့်ကျင်ဘက်အားဖြင့်၊ စာပေဆိုင်ရာပိုင်းခြားစိတ်ဖြာချက်သည် ပညတ္တိကျမ်းငါးကျမ်းကို ပုံတူပန်းချီကားတစ်ချပ်အဖြစ် သတ်မှတ်ပြီး၊ ၎င်း၏မူလပရိသတ်ကို သီးသန့်နည်းလမ်းများဖြင့် အကျိုးသက်ရောက်စေရန် ပုံစံထုတ်ထားသော အနုပညာလက်ရာတစ်ခုဖြစ်သည်။ အခြေခံအားဖြင့်၊ စာပေဆိုင်ရာအဓိပ္ပါယ်ဖွင့်ဆိုချက်သည် အောက်ပါအတိုင်း မေးသည်_ မောရှေသည် ပညတ္တိကျမ်းငါးကျမ်းကိုရေးသောအခါ သူ၏မူလဣသရေလပရိသတ်ကို အကျိုးသက်ရောက်စေရန် မည်သို့ရည်ရွယ်ခဲ့သနည်း။

မောရှေတွင် ရည်ရွယ်ချက်များစွာရှိခဲ့သည်ဟု ပြောရခြင်းသည်မှျတပါသည်။ သို့သော် ၎င်းသည် ဤရည်ရွယ်ချက်များကို ယေဘူယျဝေါဟာရများဖြင့် ဖော်ပြရန်ကူညီပေးသည်။ ထို့ကြောင့်၊ မောရှေ၏ ပန်းတိုင်ကို ဤနည်းဖြင့် ဖော်ပြပါမည်_ ဣသရေလ၏ ဘုရားသခင်ခန့်အပ်သော ခေါင်းဆောင်အဖြစ်၊

> မောရှေသည် ကတိထားရာပြည်ကိုသိမ်းပိုက်ပြီး အခြေချနေထိုင်ရာတွင်
> ဘုရားသခင်အား သစ္စာရှိစွာဝတ်ပြုရန် ပညတ္တိကျမ်းငါးကျမ်းကို ရေးသားခဲ့သည်။

အကောင်အထည်မရှိသောအကြောင်းအရာများ အမျိုးမျိုးကို ထိတွေ့ခြင်းထက် သို့မဟုတ် သမိုင်းဆိုင်ရာအကျိုးမရှိဘဲ အဖြစ်အပျက်များကို အကြောင်းအရာတစ်နည်းနည်းဖြင့် ကိုင်တွယ်နေခြင်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

နှင့် ပဉ္စတ္တိကျမ်းငါးကျမ်းရှိ သမိုင်းဆိုင်ရာမှတ်တမ်းသည် ဤပန်းတိုင်ကို ပြီးမြောက်စေရန် ပုံစံထုတ်ထားပါသည်။

မောရှေသည် ပဉ္စတ္တိကျမ်းငါးကျမ်းကိုရေးစပ်ရာတွင် အချိန်ကာလနှစ်ခုကြားတွင် ရပ်တည်ကြောင်း စာပေဆိုင်ရာအဓိပ္ပာယ်ဖွင့်ဆိုချက်သည် အသိအမှတ်ပြုသည်။ တစ်ဖက်တွင်၊ “ထိုလောက” ဟု ခေါ်နိုင်သော အတိတ်မှအဖြစ်အပျက်များအကြောင်း မောရှေရေးခဲ့သည်။ ကမ္ဘာဦးကျမ်းပါ အဖြစ်အပျက်များသည် မောရှေခေတ်မတိုင်မီ ကြာမြင့်စွာကပင် ဖြစ်ပွားခဲ့သည်။ ထွက်မြောက်ရာကျမ်းနှင့် ဝတ်ပြုရာကျမ်းတို့သည် ပထမမျိုးဆက်၏ အီဂျစ်ပြည်မှထွက်မြောက်ရာ အချိန်အတွင်းမှ အဖြစ်အပျက်များကို အာရုံစိုက်သည်။ တောလည်ရာကျမ်းနှင့် တရားဟောရာကျမ်းတွင် ပထမမျိုးဆက်မှ ဒုတိယမျိုးဆက်ကာလအထိ အဖြစ်အပျက်များ ပါဝင်သည်။ မောရှေသည် ပဉ္စတ္တိကျမ်းငါးကျမ်း၏ ကျမ်းတစ်စောင်စီကိုရေးသောအခါ သူ၏စိတ်ထဲတွင် အတိတ်မှဤအချိန်များ ရှိခဲ့သည်။

အခြားတစ်ဖက်တွင်မူ၊ မောရှေသည် သူ၏မူလပရိသတ်များ၏နေ့ရက်များအတွက် “သူတို့၏ကမ္ဘာလောက” ကိုလည်း ရေးသားခဲ့သည်။ မောရှေသည် ပရိသတ်အား “ထိုလောက”၏အတိတ်မှ ဆွဲယူခဲ့ကာ၊ “သူတို့၏ကမ္ဘာလောက”၌ ဘုရားသခင်၏အမှုတော်တွင် မည်သို့စဉ်းစားတွေးခေါ်ရမည်၊ ပြုမူရမည်၊ ခံစားရမည် တို့ကိုသူ၏ပရိသတ်များအား သင်ကြားပေးသည်။ ဤပန်းတိုင်ကို ပြီးမြောက်စေရန်၊ မောရှေသည် “သူတို့၏ကမ္ဘာလောက”နှင့် ချိတ်ဆက်မည့်နည်းလမ်းများဖြင့်“ထိုလောက” အကြောင်းရေးသားခဲ့သည်။

မောရှေသည် အတိတ်ကို သူ၏မူလပရိသတ်နှင့် အဓိကနည်းလမ်းသုံးမျိုးဖြင့် ချိတ်ဆက်ခဲ့သည်။ သူသည် ပရိသတ်၏လက်ရှိအတွေ့အကြုံများ၏ နောက်ခံ သို့မဟုတ် မူလအစကို အတည်ပြုခဲ့သော အတိတ်၏မှတ်တမ်းများကို သူတို့အား ပေးခဲ့သည်။ အတုယူရန်နှင့် ငြင်းပယ်ရန်အတွက် ၎င်းတို့အား စံနမူနာများလည်း ပေးခဲ့သည်။ ထို့ပြင် သူသည် သူ၏မှတ်တမ်းများကို သူ့ပရိသတ်၏လောက၏ ရှေ့ပြေးဖော်ပြချက်များသို့မဟုတ် ကြိုတင်ဟောချက်များအဖြစ် ပုံဖော်ခဲ့သည်။

တစ်ခါတစ်ရံတွင် မောရှေသည် ဤဆက်သွယ်မှုများကို ထင်ရှားစွာ ထုတ်ဖော်ပြောဆိုခဲ့သည်။ ဥပမာ၊ ကမ္ဘာဦး ၁၅:၁၂-၁၆ တွင်၊ အီဂျစ်ပြည်မှနှုတ်ဆောင်ရန် ဘုရားသခင်၏ကတိတော်၏နောက်ခံ အကြောင်းကို ပရိသတ်အား မောရှေသည်ပြောပြခဲ့သည်။ ဤကတိတော်သည် သူတို့ခေတ်တွင် ပြည့်စုံခဲ့သည်။ ကမ္ဘာဦး ၂:၂၄ တွင်၊ အာဒံနှင့်ဧဝ၏အိမ်ထောင်ရေးသည် ဘုရားသခင်အား သစ္စာစောင့်သိသူများကြားတွင် လက်ထပ်ခြင်းအတွက်စံနမူနာဖြစ်ကြောင်း မောရှေရှင်းပြခဲ့သည်။ ကမ္ဘာဦး ၂၅:၂၃ တွင်၊ ယာကုပ်နှင့်ဧသောတို့သည် မိခင်ဝမ်းတွင်း၌ နပန်းပြိုင်ခြင်းသည် သူ၏မူလဣသရေလပရိသတ်နှင့် ဧဒုံလူတို့ကြား သူတို့၏ခေတ်တွင်ယှဉ်ပြိုင်မှု၏ရှေ့ပြေးဖော်ပြချက်ဖြစ်ကြောင်း မောရှေဖော်ပြခဲ့သည်။

“ထိုလောက” နှင့် “သူတို့၏ကမ္ဘာလောက” အကြား ထင်ရှားစွာ ချိတ်ဆက်မှုများသည် ပဉ္စတ္တိကျမ်းငါးကျမ်း နေရာအချို့တွင်တွေ့ရသည်။ သို့သော် အများစုအပိုင်းအတွက်၊ ဤချိတ်ဆက်မှုများသည် သွယ်ဝိုက်နေပါသည်။ ထို့ကြောင့်၊ စာပေဆိုင်ရာအဓိပ္ပာယ်ဖွင့်ဆိုချက်၏ အဓိကတာဝန်တစ်ခုသည် မောရှေသည် အတိတ်၏ “ထိုလောက” ကို သူ၏မူလပရိသတ်နှင့် “သူတို့၏ကမ္ဘာလောက” နှင့် မည်သို့ ချိတ်ဆက်ထားကြောင်း ပိုင်းခြားသိမြင်ရန်ဖြစ်သည်။

ထောင်စုနှစ်များအတွင်း၊ ပညတ္တိကျမ်းငါးကျမ်း၏ အဓိပ္ပာယ်ဖွင့်ဆိုမှုသည် စာပေဆိုင်ရာခွဲခြမ်းစိတ်ဖြာမှုထက် အကြောင်းအရာနှင့် သမိုင်းဆိုင်ရာနည်းဗျူဟာများကို ပိုမိုအလေးပေးသည်။ ထို့ကြောင့်၊ မောရှေ၏ကျမ်းများဆိုင်ရာသင်ခန်းစာများတွင် ကျွန်ုပ်တို့၏အချိန်အများစုကို စာပေဆိုင်ရာအဓိပ္ပာယ်ဖွင့်ဆိုချက်အတွက် မြှုပ်နှံထားပါသည်။ မောရှေသည် သူ၏ပရိသတ်များ၏ အတွေ့အကြုံများ၏ နောက်ခံများ၊ စံနမူနာများနှင့် ရှေ့ပြေးဖော်ပြချက်များကို ပေးရန်အတွက် သူ၏ကျမ်းတစ်အုပ်ချင်းစီ၏ အကြောင်းအရာကို မောရှေပုံဖော်ခဲ့ပုံကို ဖော်ပြပါမည်။ သူ၏မူလပရိသတ်အတွက် မောရှေအလေးပေးထားသည့်အရာ၊ သူ၏ကျမ်းများ၏အကြောင်းအရာများကို သူတို့၏ဘဝနှင့် မည်သို့ချိတ်ဆက်ထားပုံနှင့် သူ၏မူလက္ကသရေလပရိသတ်ကို သူတို့၏ခေတ်တွင် ဘုရားသခင်ထံ သစ္စာရှိစွာဝတ်ပြုမှုဆီသို့ ပို့ဆောင်ပုံတို့ကို ကျွန်ုပ်တို့လေ့လာပါမည်။

# နိဂုံး

ဤပညတ္တိကျမ်းငါးကျမ်းမိတ်ဆက်တွင် သမ္မာကျမ်းစာ၏ ဤအပိုင်းအတွက် ခေတ်သစ်ဝေဖန်ပိုင်းခြားချဉ်းကပ်မှုများ၏ အရေးကြီးသောအင်္ဂါရပ်အချို့ကို ကျွန်ုပ်တို့ ဆန်းစစ်ထားပါသည်။ ပညတ္တိကျမ်းငါးကျမ်း၏ကျမ်းရေးသူနှင့် သီးခြားအဓိပ္ပာယ်ဖွင့်ဆိုချက်အမျိုးအစားများအပေါ် အချို့သောအမြင်များကို ဝေဖန်ပိုင်းခြားသောအနက်ပြန်သူများ၏ ကြိုတင်ယူဆချက်များကို ကျွန်ုပ်တို့ သုံးသပ်ထားပါသည်။ ခေတ်သစ်ယုံကြည်သူများ၏အမြင်များကိုလည်း ကြည့်ရှုခဲ့ပြီး ခေတ်သစ်ယုံကြည်သူများ၏ ကြိုတင်ယူဆချက်များသည် ကျမ်းရေးသူနှင့် အဓိပ္ပာယ်ဖွင့်ဆိုခြင်းအပေါ် အလွန်ကွဲပြားသောအမြင်ကို ဖြစ်ပေါ်စေခဲ့သည်ကို ကျွန်ုပ်တို့ တွေ့မြင်ခဲ့ရပါသည်။

ကျွန်ုပ်တို့သည် ပညတ္တိကျမ်းငါးကျမ်းကို ဆက်လက်စူးစမ်းလေ့လာသောအခါ၊ ဤမိတ်ဆက်ခြင်းဆိုင်ရာသုံးသပ်ချက်များသည် ထင်သာမြင်သာဖြစ်လာသည်ကို ကျွန်ုပ်တို့တွေ့ရပါမည်။ ၎င်းတို့ကဲ့သို့ပင်၊ သမ္မာကျမ်းစာ၏ ဤအခြေခံအုတ်မြစ်အပိုင်းကို ကိုင်တွယ်ဖြေရှင်းရန် ပိုမိုကောင်းမွန်သော အဆင်သင့်ရှိမှုကို ကျွန်ုပ်တို့ တွေ့ရှိမည်ဖြစ်သည်။ လေ့လာမှုတစ်လျှောက်တွင်၊ ကျွန်ုပ်တို့သည် အောက်ပါကဲ့သို့သော မေးခွန်းများကို စဉ်းစားပါမည်_ မောရှေသည် ပညတ္တိကျမ်းငါးကျမ်းမှ ကျမ်းတစ်စောင်စီကို အဘယ်ကြောင့်ရေးသနည်း။ ဤကျမ်းများအတွက် မူလရည်ရွယ်ချက်သည် အဘယ်နည်း။ မောရှေ၏ မူလပရိသတ်အတွက် ပညတ္တိကျမ်းငါးကျမ်း၏သက်ရောက်မှုကား အဘယ်နည်း။ ဤမေးခွန်းမျိုးများကို ဖြေဆိုခြင်းဖြင့်၊ မောရှေ၏ မူလအဓိပ္ပာယ်နှင့် ပတ်သက်၍ အရေးကြီးသော ဦးတည်ချက်များကို ကျွန်ုပ်တို့ ရှာဖွေတွေ့ရှိပါမည်။ သမ္မာကျမ်းစာ၏ပထမငါးစောင်သည် မောရှေလက်ထက်တွင် ဣသရေလတို့၏ ယုံကြည်ခြင်း၏အစောဆုံးစံနှုန်းအဖြစ် မည်သို့လုပ်ဆောင်ခဲ့သည်ကို ကျွန်ုပ်တို့တွေ့မြင်ရလိမ့်မည်သာမက၊ ယနေ့ကျွန်ုပ်တို့ခရစ်တော်ကို လိုက်လျှောက်သကဲ့သို့ ဤကျမ်းများသည် ကျွန်ုပ်တို့၏ ယုံကြည်ခြင်းစံနှုန်းအဖြစ် မည်သို့ဆောင်ရွက်သင့်သည်ကို ကျွန်ုပ်တို့တွေ့မြင်ရမည်ဖြစ်ပါသည်။.



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။